


# အပြောနဲ့ မပြီးဘူးနော် ကိုယ်တိုင် စမ်းကြည့်ပါ

## (သုသိမ)

ဟောကြားသည့်နေ့
(၁၂ - ၃ - ၆၁)

(၂၀၇)

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော သစ္စာ (၄) ပါးတရားတော်အမှတ်စဉ်(၁၃)မှထုတ်နှုတ်ပုံနှိပ်ပါသည်။

505

HITSARPARAMI LIBRARY
Date

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားတော်မူအပ်သောတရားကော်

# အပြောနဲ့မပြီးဘူးနော် ကိုယ်တိုင်စမ်းကြည့်ပါ

## ( သုသိမ )

( ၁၂. ၃. ၆၁ )

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူအပ်သောတရားတော်

# အပြောနဲ့မပြီးဘူးနော်
# ကိုယ်တိုင်စမ်းကြည့်ပါ
# ( သုသိမ )

ဟောကြားသည့်နေ့ (၁၂. ၃. ၆၁)

ဆုံးတဲ့နေ့လို့မှတ်ထားရယ်၊ ဘယ်လိုမှတ်ထားရမလဲ လို့မေးလို့ရှိရင်ဖြင့် သစ္စာဆိုက်ရင် နိဗ္ဗာန်ဝင်တော့တာပဲလို့ မှတ်ကြရ မယ်နော်. . . (မှန်ပါ့)။

## သစ္စာသိပြီးမှ ဘုရားလို့ ကြေညာတယ်

ဒါဲဒီမရောက်ခင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး က ဓမ္မစကြာပါဠိတော်မှာ လာတာကလေးလဲ ဒကာ ဒကာမတွေကရှေ့ပိုင်းက မှတ်ထားလိုက်ပေါ့ ၊ ငါသည် သစ္စာလေးပါး မသိသေး ၊ ထိုအခါ၌ ဘုရားဟူ၍ သူ့ကိုယ်သူ တာဝန်မခံသေး ။

ဒီ . . . သစ္စာလေးပါး မသိသေးခင်တော့ ဘုရား ရယ်လို့ သူတာဝန်မခံသေးဘူးတဲ့နော် (မှန်ပါ့) ဒကာ ဒကာမ တို့ သစ္စာလေးပါး သူမသိသေးတော့ ဘာတဲ့ ( ဘုရား ဟူ၍ တာဝန်မခံပါဘုရား )။

## သစ္စာသိဖို့အရေးကြီးတယ်

ဩော် . . . ဒါဖြင့် ဘုရားဖြစ်ဖို့ရာ သစ္စာသိဖို့ အရေး ကြီး ပါကလား ဆိုတာ ပေါ်လာတယ်နော် (မှန်ပါ့ဘုရား) ထို့အတူ ဘုရား၏ တပည့်သား အရိယာ သံဃာဖြစ်ဖို့လည်း သစ္စာ သိဖို့ အရေးကြီးတယ်ဆိုတာလည်း တစ်တန်းတည်းသာ မှတ်လိုက်ပါတော့နော် . . . (မှန်ပါ့) ။

အကြင်အခါ၌ ငါဘုရားသခင် ကိုယ်တော်မြတ် ကြီးသည် သစ္စာလေးပါးမသိသေး ၊ ထိုအခါ၌ ဘုရားဟူ၍

ဝန်မခံသေး ၊ အကြင်အခါ၌ သစ္စာလေးပါးငါသိလာပြီ ထိုအခါ၌ ငါ့ကိုယ်ငါ ဘုရားဟူ၍ သုံးဆယ့်တစ်ဘုံမှာ ကြေညာပေးလိုက်၏ လို့ ဆိုတော့ ဪ. . . ဘုရားသခင် ကိုယ်တော်မြတ်ကြီး သစ္စာသိမှ ဘုရားဟူ၍ ကြေညာ ဝင့် ပါကလားဆိုတာ ဦးခင်မောင်တို့ . . . . ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား )

## သစ္စာဆိုတာဘာပါလိမ့်

ဒါဖြင့် ဒကာ ဒကာမတွေ သိရတော့မှ ဪ . . . သစ္စာဆိုတာသိဖို့ အရေးကြီးပါကလားဆိုတော့ ဒကာ ဒကာမတွေက သစ္စာဆိုတာ ဘာပါလိမ့်မလဲလို့ မေးတဲ့အခါ ကျတော့မှ . . . တဲ့ သစ္စာဆိုတာ ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲကြည့်လိုက်တော့မှ ဝေဒနာလေးတွေ ဖြစ်မှု ပျက်မှုဟာ ဒါ. . . သစ္စာပဲလို့ မှတ်လိုက်ပါ . . . (မှန်ပါ့ဘုရား)။

စိတ်ကလေးတွေရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ဖြစ်မှု ပျက်မှု တွေ့ရင် ( သစ္စာပါဘုရား ) သစ္စာပဲလို့မှတ်ပါတဲ့၊ ဝိပရိဏာမ လက္ခဏာ ဒုက္ခသစ္စာ သူသည် ပင်ကိုသဘော စွန့်သွားလို့ရှိရင် ဖြင့် ဒကာဝတို့ ဒုက္ခသစ္စာလို့မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ရုပ်ဟာ ရုပ်သဘောစွန့်သွားရင် ( ဒုက္ခသစ္စာပါ ) ဝေဒနာဟာ ဝေဒနာသဘောစွန့်သွားရင် (ဒုက္ခသစ္စာ ပါဘုရား) စိတ်ဟာ စိတ်သဘောစွန့်သွားရင် (ဒုက္ခသစ္စာ ပါဘုရား) ဦးခင်မောင် ရေ . . . သစ္စာဆိုတာ ဒါတွေ ပါကလား . . . (မှန်လှပါဘုရား)။

## သစ္စာနှင့် အနိစ္စကိုတခြားစီမယူပါနှင့်

အဲဒီတော့ သစ္စာနဲ့ အနိစ္စကို တခြားစီမယူလိုက်ပါ နဲ့နော် ( မှန်ပါ့ ) သစ္စာနဲ့ အနိစ္စကို တခြားစီမယူလိုက်ပါနဲ့ လို့ ဝိဘင်းအဋ္ဌကထာဆရာကသေသေချာချာ ပြရှာတယ်။

" သစ္စာနုလောမိကဉာဏန္တိ ဝိပဿနာဉာဏံ ၊ တံဟိစတုန္နံသစ္စာနံ အနုလောမတော သစ္စာနုလော မိကဉာဏန္တိဝုစ္စတိ ၊ ဣဒါနိဿပဝတ္တနာကာရံဒဿေတုံ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိအာဒိမာဟ "။

. . . . . . လို့ ကျမ်းတင်ပြီးသကာလ ပြလိုက်တာ ထောက်လိုက်တော့ ရုပ်တရား၏ ဖြစ်ပျက်အနိစ္စမြင်လို့ရှိရင် ဒါ. . . သစ္စာမြင်တာပဲပေါ့ . . . . ( မှန်လှပါဘုရား ) ရှင်းပြီးနော် . . . ( ရှင်းပါပြီ ) ဒုက္ခသစ္စာမြင်တာပေါ့ . . . (မှန်ပါ့)။

ဒုက္ခသစ္စာကို သစ္စာနုလောမိကဉာဏ်ဆိုတော့ ဒါ သစ္စာနဲ့လျော်တဲ့ ဉာဏ်ပဲကွာ . . . သဘောကျပလား . . . ( ကျပါပြီဘုရား ) ။

ဩော် . . . သစ္စာနဲ့လျော်တဲ့ဉာဏ်ဆိုတာဘာ ပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မေး တော့မှ ငါတို့ရှုနေတဲ့ဖြစ်မှု ပျက်မှုကလေးတွေဟာ ဒုက္ခသစ္စာပါကလား . . . ( မှန်ပါ့ဘုရား ) ။

## ဖြစ်မှုပျက်မှုတွေဟာဒုက္ခသစ္စာ

ဖြစ်မှု ပျက်မှုကလေးတွေ ဘာခေါ်ကြမယ် (ဒုက္ခသစ္စာ ပါဘုရား ) မှတ်ထားကြပါ၊ မှတ်ထားကြပါ၊ ဩော် . . . ငါတို့လဲ သစ္စာဆိုက်အောင် လုပ်နေတော့ ဒါကလေးစ တွေ့တော့ ဒီဒုက္ခ ဆုံးသွားရင် နိရောဓသစ္စာ မြင်တော့မှာပဲဆိုတာမှတ်ပါ . . . (မှန်ပါ့ဘုရား) ။

## လိုရာခရီးအပြီးတိုင်ရောက်ပြီ

ဒုက္ခသစ္စာဆုံးသွားရင်(နိရောဓသစ္စာ မြင်မှာပါဘုရား)

နိရောဓသစ္စာ နိဗ္ဗာန်ဆိုတာ မြင်ရပြီ၊ မြင်ရလို့ရှိရင် ဒကာ ဒကာမတို့ လိုရာခရီးအပြီးတိုင်ရောက်ပြီဆိုတာ အောက်မေ့ ရမှာပေါ့ဗျာ . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ကလဲ တစ်ခါလာပြန် တော့ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်က . . .

" သောဝက ဘိက္ခဝေ ဘိက္ခု ကဥ္စိသင်္ခါရံနိစ္စ
တော သမနုပဿန္တော အနုလောမိကာယ ခန္တိယာ
သမန္နာ ဂတော ဘဝိဿတီတိ နေတံဌာနံ ဝိဇ္ဇတိ " တဲ့

ဟစ်ခုသောတရားကလေး ဝေဒနာဖြင့် ဝေဒနာ စိတ်ဖြင့် စိတ်ဆိုတဲ့ သင်္ခါရတရားကလေးကို နိစ္စထင်နေလို့ရှိရင် သစ္စာသိတဲ့ အနုလောမဉာဏ် မရနိုင်ဘူးတဲ့ . . . (မှန်ပါ့)။

နိစ္စ ထင်နေရင် . . . သစ္စာနဲ့လျော်တဲ့ အနုလောမ ဉာဏ်မရနိုင်ဘူး. . . (မှန်ပါ့) သဘောကျပြီနော် . . . (မှန်ပါ့)။

"ကဥ္စိသင်္ခါရံ (ပ) ဝိဇ္ဇတိဘုရားကိုယ်တော်တိုင် ဟော တယ် အနုလောမိကာယ ခန္တိယာ သမန္နာဂတော ဘဝိဿတီ တိနေ တံဌာနံဝိဇ္ဇတိ၊ အနုလောမိကာယ ခန္တိယာ အသမန္နာ ဂတော " တကယ်လို့ သစ္စာနဲ့လျော်တဲ့ဖြစ်ပျက်ကိုမှ မမြင်

သေးလို့ရှိရင် " သမ္ပတ္တာနိယာမံ ဩဋ္ဌကမီသာတိတိ နေတံဌာနံ ဝိဇ္ဇတိ " မဖောက်မပြန် မြဲတဲ့မဂ်ကို မရနိုင်ဘူးတဲ့ . . (မှန်ပါ့)။

ဖြစ်ပျက်မမြင်လို့ရှိရင် မဖောက်မပြန် မြဲတဲ့မဂ်ကို - (မရနိုင်ပါဘုရား)

" သမ္ပတ္တာနိယာမံ အနေက္ကမမာနော သောတာပတ္တိဖလံဝါ သကဒါဂါမိ ဖလံဝါ အနာဂါမိ ဖလံဝါ အရဟတ္တဖလံဝါ သစ္ဆိကရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ "

ဆိုတဲ့အတိုင်းသမ္ပတ္တာနိယတာ ဓမ္မာ . . . ဆိုတဲ့ မဂ် ဉာဏ်လေးပါး မရသေးရင်လဲ ဖိုလ်လေးပါး ရလိမ့်မယ်လို့ မင်းတို့ ဘယ်တော့မှ မအောက်မေ့နဲ့တဲ့ (မှန်လှပါဘုရား)။

## သစ္စာနဲ့လျော်တဲ့ဉာဏ်

ဒါဖြင့် ဒကာ ဒကာမတို့ တစ်ခုသောတရားကို အနိစ္စ မြင်လို့ရှိရင် သစ္စာနဲ့လျော်တဲ့ဉာဏ်ရပြီလို့ မှတ်လိုက်ပါ - ( မှန်လှပါဘုရား ) ။

သစ္စာနဲ့လျော်တဲ့ဉာဏ် - (ရပြီလို့ မှတ်ရပါမယ် ဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ အရကြိုးစားလိုက်စမ်းပါလို့

သတိပေးလိုက်တယ် - ( မှန်ပါ့ ) ။

အရကြိုးစားပါဆိုတာ တခြားမဟုတ်ပါဘူး ဒကာ ဒကာမတို့ ဖြစ်ပျက်ကလေးမြင်အောင် ကြိုးစားပါ ၊ ဒါကလေးဟာ ဒုက္ခသစ္စာပါပဲ ၊ သစ္စာနုလောမိက ဉာဏ်ပါပဲ ။ သဘောကျပလား - (ကျပါပြီ ) ။

ပြီးတော့လဲ တစ်ခါ စဉ်းစား ကြည့်လိုက်တော့ ဒကာ ဒကာမတွေ များသောအားဖြင့် ရနေကြတဲ့ **"သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ "** ဆိုတော့ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ တရားပဲ - ( မှန်ပါ့ ) ။

## ဖြစ်ပြီးပျက်တာကိုဆိုတာ

ဒီတော့ တစ်ခုခုကို ဖြစ်ပျက်မြင်ရင် ဒါ - ဒုက္ခသစ္စာ နဲ့လျော်တဲ့ဉာဏ်ဖြင့်ရပေါ့ (မှန်ပါ့) ရှင်းပြီနော်- (ရှင်းပါပြီ) ကိုင်း . . . ဒါဖြင့် ဩော် - ငါတို့မြင်တဲ့ ဖြစ်ပျက်အနိစ္စ ၊ ငါတို့မြင်တဲ့ ဖြစ်ပျက်ဒုက္ခ ၊ ငါတို့မြင်နေတဲ့ ဖြစ်ပျက်အနတ္တ ၊ ဖြစ်ပျက်တစ်ခုတည်းဟာ ဒကာ ဒကာမတို့ မှတ်ထား ၊ အနိစ္စ ဆိုတာလဲ ဖြစ်ပြီးပျက်တာဆိုတာပဲ - (မှန်ပါ့ဘုရား)။

ဒုက္ခဆိုတာလဲ ( ဖြစ်ပြီးပျက်တာပါဘုရား) အနတ္တ ဆိုတာလဲ (ဖြစ်ပြီးပျက်တာပါဘုရား) အဲ . . . ဖြစ်ပြီး ပျက်

တာချည့် ဆိုနေတော့ ကိုယ့်ကိုယ်က ဩော်. . . ဉာဏ်ထဲမှာ ဘဝ၊ ဘဝက အနိစ္စ အထုံကလေးပါလာလို့ရှိရင်ဖြင့် ခန္ဓာကိုယ်ကြီး ကြည့်လိုက်တဲ့ အခါကျတော့ ဖြစ်မှု ပျက်မှုကလေး တစ်ခုခု ဝေဒနာဖြစ်ဖြစ်၊ စိတ်ဖြစ်ဖြစ် ရုပ်ဖြစ်ဖြစ်၊ သညာသင်္ခါရ ဖြစ်ဖြစ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမြင်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ ဒါ - အနိစ္စမြင်ပြီလို့မှတ်ပါ. . . . ( မှန်လှပါ ) ။

ခန္ဓာငါးပါးထဲက တစ်ပါးပါးဖြစ်ပျက်မြင်ရင် ဘာဆိုကြမယ် (အနိစ္စပါဘုရား) အေး -သစ္စာနုလောမိတလဲရတယ်၊ သစ္စာနုလောမိကဉာဏ်လဲရပါတယ်၊ သစ္စာလဲမြင်ပါတယ်။ အနိစ္စဆိုတာ သစ္စာနဲ့အတူတူပဲ ( မှန်လှပါဘုရား )။

အနိစ္စနဲ့ သစ္စာ နဲ့ . . . ( အတူတူပါဘုရား ) အတူတူပဲလို့ မှတ်လိုက်စမ်းပါ ။

## လက်တွေ့ ဉာဏ်တွေ့ ပြကြပါစို့

ကိုင်း - ဒါဖြင့် လက်တွေ့ဉာဏ်တွေ့ပြကြပါစို့ ဆိုတော့ ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ - ကျောမှာ ယားတယ်ဆိုကြပါစို့ . . . ( မှန်ပါ့ ) ။

ကျောမှာယားတဲ့အခါကျတော့ ဒကာ ဒကာမတွေ

စဉ်းစားကြည့်ပါလား . . . တဲ့ ယားချင်လို့ယားတာလား ၊ အကျီနဲ့ထိလို့ လည်းကောင်း၊ မြေမှုန့်နဲ့ထိလို့လည်းကောင်း ယားရမယ် (မှန်လှပါဘုရား) တစ်ခုခုနဲ့ မထိဘဲနဲ့တော့ ယား ပါ့မလား (မယားပါဘုရား) ဒါဖြင့် ထိတာ ဖဿ ၊ ယားတာ ဝေဒနာ (မှန်ပါ့) ထိတာက (ဖဿပါဘုရား) ယားတာက (ဝေဒနာပါဘုရား) ဩော် - ဒါဖြင့် ပေါ်လာတာကလေးဟာ ဝေဒနာပဲနော် (မှန်ပါ့) ပေါ်လာတာကလေးဟာဝေဒနာပဲ အလိုလို ဖြစ်သလား . . . ထိတဲ့ ဖဿကြောင့်လား (ထိတဲ့ ဖဿကြောင့်ပါဘုရား ) ။

## ဝေဒနာကို ဉာဏ်နဲ့လိုက်ပြီးကြည့်

ဩော် . . . ထိတဲ့ဖဿကြောင့်ဖြစ်တော့ ဖဿ ပစ္စယာဝေဒနာ (မှန်ပါ့) ဒီ . . . ဝေဒနာကလေးကို ဒကာ ဒကာမတွေက ဉာဏ်နဲ့လိုက်ပြီး ဒါ . . . ဘာပါလိမ့်မလဲ ကြည့်လိုက်တဲ့အချိန်ကျတော့ ဝေဒနာကလေးဟာ ချုပ်ပျက် သွားတယ် . . . ( မှန်ပါ့ ) ချုပ်ပျက်မသွားဘူးလား . . . (သွားပါတယ်ဘုရား)။

အဲဒါကလေးချုပ်ပျက်သွားတော့ အနိစ္စကိုမြင်လိုက် ပါတယ် (မှန်လှပါဘုရား) မရှိတာကလေး သိရတာက ဘာပါ

လိမ့် . . . (အနိစ္စပါဘုရား)။

အနိစ္စလို့ သိလိုက်တဲ့အခါကျတော့ ဒကာ ဒကာမ တို့ ယားတာကို ဖျောက်မပစ်ကြပါနဲ့ ဒီဥစ္စာဟာ ယားတာ ဟာ ဝေဒနာ၊ ဝေဒနာဟာ ဖဿကြောင့်ဖြစ်တယ်၊ အင်း- နောက်တော့ ဖဿချုပ်လို့ ဝေဒနာပါချုပ်မသွားဘူးလား . . (ချုပ်သွားပါတယ်ဘုရား)။

## အနိစ္စမြင်တော့ ဘာဖြစ်သတုံး

ချုပ်သွားတယ်လို့သိလိုက်တော့ ဩော် . . . ဒါဟာ အနိစ္စ အချက် ပိုင်ပိုင်နိုင်နိုင်ရလိုက်တာပဲ . . . (မှန်ပါ့ဘုရား) အနိစ္စမြင်တော့ဘာဖြစ်သတုံးလို့ မေးတဲ့အခါကျတော့ အဋ္ဌ သာလိနီ အဋ္ဌကထာဆရာက အနိစ္စကို ဒါကလေးတစ်ခုခုက အနိစ္စ ဝေဒနာက အနိစ္စ၊ မြင်တာက မဂ္ဂ . . . (မှန်ပါ့)။

အနိစ္စမြင်တဲ့အခါကျတော့ ဩော် . . . မိမိခန္ဓာကြီး ဟာ ဘာပါလိမ့်မတုံး၊ မိမိခန္ဓာကြီးဟာ ဝေဒနာက္ခန္ဓာ ဝေဒနာက္ခန္ဓာ ဘယ်မှာလမ်းဆုံးရှာပါလိမ့်မလဲလို့ တွေးလိုက်ပါလား . . . (အနိစ္စလမ်းဆုံးပါတယ်) အနိစ္စ လမ်းဆုံးတယ်။

ဒကာ ဒကာမတို့ ဝေဒနာက္ခန္ဓာဟာဘယ်မှာလမ်း

ဆုံးပါလိမ့် (အနိစ္စမှာလမ်းဆုံးပါတယ်ဘုရား) အနိစ္စလမ်းဆုံး တယ်ဆိုတော့ ဩော် . . . ဝေဒနာက္ခန္ဓာကို နဂိုက မိမိထင်နေတာ မိမိမဟုတ်တော့ပါကလား အနိစ္စပါကလား လို့ မြင်လိုက်တဲ့ဉာဏ်ကလေးဟာ ပြောင်းမသွားဘူးလား . . . (ပြောင်းသွားပါတယ်ဘုရား ) ။

## မြင်တာကမဂ္ဂဖြစ်တယ်

ဒါဖြင့် ပျက်စီးတာက အနိစ္စ ၊ မြင်တာက မဂ္ဂ သွား ဖြစ်တယ် (မှန်ပါ့) ပျက်စီးတာက. . . (အနိစ္စပါဘုရား) မြင်တာက (မဂ္ဂပါဘုရား) ။

အဲဒီတော့ အဠသာလိနီ အဠကထာဆရာက ဒီလို မြင်နေတဲ့အခါကျတော့ကွာ . . . တဲ့ စဉ်းစားကြည့်စမ်းပါ လားတဲ့ . . . ။ ဒီခန္ဓာကိုယ်ကြီးဟာ အနိစ္စပျက်စီးနေတာ ပျောက်ပျက်တာမြင်တော့ ဒီခန္ဓာကိုယ်ကြီးခင်တဲ့ ဥပါဒါန် မသေဘူးလား ( သေပါတယ်ဘုရား ) တဏှာ ဥပါဒါန် သတ် လိုက်တယ်နော် . . . ( မှန်ပါ့ ) ။

ဒကာ ဒကာမတို့ ဘယ်သူသေပါလိမ့် . . . (တဏှာ ဥပါဒါန် သေပါတယ် ) တဏှာ ဥပါဒါန် သေလို့ရှိရင် တဏှာဥပါဒါန်ကံကော . . . ( သေပါတယ်ဘုရား ) ။

ကံလဲသေသွားတယ်နော် (မှန်ပါ့) ဇာတိ ၊ ဇရာ ၊ မရဏ ၊ ပေါ်သေးရဲ့လား . . . (မပေါ်ပါ) ပဋိစ္စသမုပ္ပါဒ် ဘယ့်နှယ် နေသလဲ . . . (ပြတ်ပါတယ်ဘုရား)။

ဩော် . . . အနိစ္စမြင်လို့ရှိရင်ဖြင့် တိုတိုပြောကြစို့ဆိုလို့ ရှိရင်ဖြင့် လောဘစင်တယ် . . . (မှန်ပါ့) အနိစ္စမြင်ရင် (လောဘစင်ပါတယ်) သဘောကျပြီနော် . . . (မှန်ပါ့)။

ဒါကအနိစ္စ ၊ ဒါက ဘာတုံး . . . (မြင်တာပါ) စင်တာက ဘာတုံး . . . (လောဘပါ) ဒါဖြင့် အနိစ္စမြင် လောဘစင်ပေ့ါဗျာ . . . (မှန်ပါ့) အနိစ္စကိုမြင်ရင် ဒီလောဘကို စင် တယ် . . . ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အနိစ္စမြင်ရင် ဘာစင်ပါလိမ့် . . . (လောဘစင်ပါတယ်) အဲ . . . လောဘစင်တယ်ဆိုတာ သဘောကျပြီနော် . . . (မှန်ပါ့) ။

## အနိစ္စမြင်လောဘစင်

အနိစ္စမြင် လောဘစင်ပေ့ါလေ ၊ မှတ်မိပလား . . . (မှတ်မိပါပြီ) ဩော် . . . ဖြစ်ပျက်ပါ ၊ ဘာပါလိမ့် . . .

ဒကာ ဒကာမ တို့ (အနိစ္စပါဘုရား)။

အဲဒါကလေး ဉာဏ်နဲ့ကြည့်လိုက်တော့ ဖြစ်ပြီးပျက်သွားတဲ့သဘောကလေး ဉာဏ်ထဲမှာ မမြင်လိုက်ဘူးလား . . . (မြင်ပါတယ်ဘုရား) ဘာကလေးက စင်ထွက်သွားသလဲ (လောဘ စင်ပါတယ်ဘုရား )။

လောဘစင်တယ် ဆိုကတည်းက လောဘစင်လို့ ရှိရင် လောဘက တဏှာ၊ သူ့နောက်က လိုက်မည့်ဥပါဒါန်လဲ စင်တာပဲ ကံကော . . . (စင်ပါတယ်ဘုရား) ဇာတိ၊ ဇရာ၊ မရဏ ကော . . . (စင်ပါတယ်ဘုရား)။

စင်တာပဲဆိုတော့ ဩော်အနိစ္စမြင် လောဘစင်တယ် လို့ပဲ မှတ်ထားလိုက် . . . (မှန်ပါ့) အနိစ္စမြင် ဘာစင်သွားပါလိမ့် . . . (လောဘစင်ပါတယ်) သဘောကျပြီ . . . (မှန်ပါ့)။

အနိစ္စမြင်လို့ လောဘစင်သွားတော့ ဩော် . . . နေရာကျပဟာဆိုတာ ဒကာ ဒကာမတို့တစ်ချက် ဝမ်းမြောက်လိုက်ပါ (မှန်ပါ့ဘုရား)။

အနိစ္စမြင်တော့ ဘာစင်သွားပါလိမ့် (လောဘစင်ပါတယ်ဘုရား ) လောဘစင်သွားတယ်ဆိုတာ အခုအမြင်နော် ( မှန်ပါ့ဘုရား )။

ဝေဒနာကလေးဟာ အနိစ္စ၊ ဟုတ်လား (မှန်ပါ့)

မြင်တာက (မဂ္ဂပါဘုရား) ခင်တာက သမုဒယ (မှန်ပါ့) လောဘသမုဒယ (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

မြင်တာက (မဂ္ဂပါ) အဲ- အမြင်ခံရတာက အနိစ္စ၊ မြင်ဉာဏ်က (မဂ္ဂပါဘုရား) စင်တာက (လောဘသမုဒယပါဘုရား) ။

## သမုဒယသစ္စာချုပ်တယ်

အဲ. . . လောဘသမုဒယဆိုတော့ သမုဒယသစ္စာချုပ်တယ်ဆိုတာက ပေါ်နေတယ် (မှန်ပါ့) မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား) ။

ဒါကြောင့် အနိစ္စမြင်လောဘစင်လို့သာမှတ်ထားလိုက် (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) အနိစ္စမြင် . . . (လောဘစင်ပါတယ်ဘုရား) အဲ . . . အနိစ္စမြင် လောဘစင်တာမှတ်ထားပါ . . . (မှန်ပါ့ဘုရား) ။

ကိုင်း . . . ဒါဖြင့် ယံအနိစ္စံ . . . တံဒုက္ခံ - လို့ သံယုတ် ပါဠိတော်ကြီးများက လာနေတော့ " ယံအနိစ္စံ၊ တံဒုက္ခံ "၊ ယံ - အကြင်တရားသည် ၊ အနိစ္စံ - အနိစ္စပဲ ပျောက်ပျက်တယ် ၊ ဟိုတရားသည် ဒုက္ခပဲဆိုတာကော

အနိစ္စနဲ့ ဒုက္ခ ထူးသေးရဲ့လား . . . ( မထူးပါဘုရား ) ။

အနိစ္စတရားသည် . . . ( ဒုက္ခပါဘုရား ) ဒုက္ခပဲလို့ မသိကြဘူးလား . . . ( သိပါတယ်ဘုရား ) ဖြစ်ပြီးပျက်သွားတော့ သေသွားတာပဲမဟုတ်လား . . . ( မှန်ပါ့ ) ။

ဝေဒနာကလေးဟာ ဖြစ်ပြီးပျက်သွားတဲ့အခါ . . . (သေသွားပါတယ်ဘုရား) ။

အင်း . . . ဒုက္ခကို ဒကာ ဒကာမတွေ ခန္ဓာကိုယ်ထဲမှာ အနိစ္စမြင်တဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခလဲမြင်တော့တာပဲ . . . ( မှန်ပါ့ ) ဒါဖြင့် ဝေဒနာက ဒုက္ခ ၊ မြင်တာက . . . (မဂ္ဂပါဘုရား) ။

## ဒုက္ခမြင်ရင် ဒေါသစင်

ဩော် . . . ဒုက္ခကို မြင်လို့ရှိရင်ဖြင့် နောက်ကဒကာဒကာမတို့ ဒေါသစင်ပြန်တယ် . . . (မှန်ပါ့) ဒုက္ခမြင်တော့ . . . (ဒေါသစင်ပါတယ်ဘုရား) ။

ဒေါသစင်တော့ ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ သံသရာ လှည့်သေးရဲ့လား. . . (မလှည့်ပါဘုရား )ဩော် . . ဒုက္ခမြင်တော့ ဒေါသစင်တော့ ပဋိစ္စသမုပ္ပါဒ် အဆုံးက ပြတ်တယ် . . . (မှန်ပါ့ဘုရား) ။

## ပဋိစ္စသမုပ္ပါဒ် အဆုံးကပြတ်တယ်

ဘယ်ကပြတ်သွားပါလိမ့် ( အဆုံးကပြတ်ပါတယ်ဘုရား ) နေရာကျပြီ ခုနင်တုန်းက အနိစ္စမြင်၍ လောဘစင်တော့ ပဋိစ္စသမုပ္ပါဒ်အလယ်ကပြတ်တယ် . . . (မှန်ပါ့ဘုရား)။

သဘောကျပြီနော် . . . (ကျပါပြီဘုရား) ဦးခင်မောင်သေသေချာချာမှတ်ပါ . . . (မှန်ပါ့) မြင်တာကတော့ တစ်ချက်တည်းပဲ . . . (မှန်ပါ့) မြင်တာက တစ်ချက်တည်းပဲတဲ့ . . ။

## ပဋိစ္စသမုပ္ပါဒ် အလယ်ကပြတ်တယ်

ကဲ. . . ဒါဖြင့် အနိစ္စမြင်တုန်းကတော့ ဘာစင်ခဲ့သတုံး. . . (လောဘစင်ပါတယ်ဘုရား) လောဘစင်ကယ်ဆိုတော့ကဲ . . . ခင်ဗျားတို့ရထားတဲ့ ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေပြတ်ထွက်သွားပါလိမ့် (အလယ်ကပြတ်ပါတယ်ဘုရား) ။

အလယ်ကနေပြတ်တယ် . . . (မှန်ပါ့) တယ်လဲအဖိုးတန်ပါကလား . . . ဒကာ ဒကာမတို့ . . . (မှန်ပါ့) အင်မတန် အဖိုးတန်တယ်ဆိုတာ ပေါ်လာကြပြီ . . .

(ပေါ်လာပါပြီဘုရား)။

ဒါက မိမိတို့ခန္ဓာငါးပါးနော် . . .၊ဒါက ခန္ဓာငါးပါးကိုဆရာဘုန်းကြီးက အကြည့်ခိုင်း ၊ ဘုရားက အကြည့်ခိုင်းလို့မြင်တဲ့ဉာဏ် မကျဘူးလား . . (မှန်ပါ့) ဒါက စင်တဲ့သမုဒယ (မှန်ပါ့) စင်တဲ့ဒေါသဆိုရင်ကော ဟုတ်တာပဲ . . . (မှန်ပါ့)။

ဒုက္ခမြင်တော့ ဒေါသစင်တယ် ၊ အနိစ္စမြင်တော့ (လောဘစင်ပါတယ်ဘုရား) ဒုက္ခမြင်တော့ . . . (ဒေါသစင်ပါတယ်) ဒေါသစင်သွားတယ်ဆိုတော့ ဩော် . . . ဘယ့်နှယ်ကြောင့် ဒေါသစင်ပါလိမ့်မတုံးဆိုတော့ မိမိခန္ဓာကိုယ်ကြီးက ဖြစ်ပြီး ပျက်သွားတဲ့ . . . ဒုက္ခကြီးမမြင်လိုက်ဘူးလားဗျာ. . . (မြင်လိုက်ပါတယ်ဘုရား)။

## ဒုက္ခသစ္စာမှ ဒုက္ခဖြစ်တာ

ဒုက္ခကို မြင်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဩော်-ဒုက္ခသစ္စာမှ ဒုက္ခဖြစ်တာကိုးလို့ဆိုတော့ ဒကာ ဒကာမတို့ ဖြစ်ရလေခြင်းဆိုတဲ့ ဒေါသ လာသေးရဲ့လား . . . (မလာပါဘုရား) ဒုက္ခသစ္စာမှ ဒုက္ခဖြစ်တယ်လို့ သိတာကိုးဗျ. . . (မှန်ပါ့ ) သိတော့ ဒေါသလာသေးရဲ့လား . . . (မလား

ပါဘုရား)။

ဒါဖြင့် ဒုက္ခမြင်လို့ ဒေါသစင်တယ် (မှန်ပါ့) ဦးခင်မောင်ဘာတဲ့တုံး (ဒုက္ခမြင်လို့ ဒေါသစင်ပါတယ်) ဒကာ ဒကာမတို့ သုသိမ သိမ်းမည့်နေ့မှာ သေသေချာချာမှတ်ပါ၊ သုသိမ ဒီသုံးချက်ဝင်လာလို့ ရဟန္တာဖြစ်ပါလိမ့်မယ် . . . (မှန်ပါ့)။

ဒုက္ခမြင်တော့ ဘာစင်သွားပါလိမ့် . . . (ဒေါသစင်ပါ တယ်) အဲ . . . ဒါ့ကြောင့် ခင်ဗျားတို့ကိုယ့်ဒေသနာအတိုင်း ရှုသာရှု . . .၊ အနိစ္စချည်းမြင်တဲ့ပုဂ္ဂိုလ်လဲ ဒုက္ခပါသွားတာပဲ အနတ္တပါသွားတာပဲ အောက်မေ့လိုက်ပါ . . . (မှန်ပါ့ ဘုရား)။

ကိုင်း . . . တစ်ခါ ဒီ ဝေဒနာကလေး ကျော့မှာယား တဲ့ဝေဒနာကလေးဟာ အင်း . . . ဟင်း . . . ဒကာ ဒကာမ တို့သိတဲ့ အတိုင်း ဖဿချုပ်တော့ ဝေဒနာချုပ်သွားတယ် . . . (မှန်ပါ့) ။

ဖြစ်ပေါ်လာတာဝေဒနာချုပ်သွားတဲ့ အခါကျတော့ ဖဿချုပ်လို့ဝေဒနာချုပ်တာပဲဆိုတော့ ဝေဒနာကလေးဟာ ခံသာတဲ့ ဝေဒနာကလေး ဖြစ်ဦးတော့ ဒကာ ဒကာမတွေက

တားလို့ ဆီးလို့ရရဲ့လား . . . (မရပါ) မရတော့ အနတ္တဖြစ်ပါတယ် . . . (မှန်ပါ့) ။

တားလို့ဆီးလို့မရတာနဲ့ ဘာဖြစ်သွားသလဲ (အနတ္တဖြစ်သွားပါတယ်) အနတ္တ ဖြစ်သွားတယ်ဆိုတာ သေချာပလား . . . ( သေချာပါပြီဘုရား )။

ဩော် . . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌ ဒါကလေးကို တားလို့မရတာကလေး သိလိုက်မြင်လိုက်တယ်၊ တားလို့ မရတာက အနတ္တ ၊ မြင်လိုက်တာက . . . (မဂ္ဂပါဘုရား ) ။

## အနတ္တမြင်ရင် မောဟာစင်

ဩော် . . . တားလို့မရတဲ့ တရားမျိုးပါကလားလို့ အမှန်အကန်မသိဘူးလား (သိပါတယ်ဘုရား) အဲ . . . အမှန်အကန်သိတော့ကို ဒကာ ဒကာမတို့ မောဟာစင်ပြန်တယ် . . (မှန်ပါ့)။

ဒါဖြင့် အနတ္တမြင် မောဟာစင် . . . (မှန်ပါ့) အနတ္တမြင် . . . (မောဟာစင်ပါတယ်ဘုရား) မောဟာစင်တယ် ၊ သဘောကျပလား. . . (ကျပါပြီဘုရား) ။

အနတ္တမြင်ပြန်တော့လဲ (မောဟစင်ပါတယ်ဘုရား) ကဲ . . . ဒါဖြင့် အစက ပြန်စကြဦးစို့၊ ဒကာ ဒကာမတွေ သေချာသွားအောင် အနိစ္စမြင်တော့ . . (လောဘစင် ပါတယ်ဘုရား) ဒုက္ခမြင်တော့ . . . (ဒေါသစင် ပါတယ် ဘုရား) အနတ္တမြင်တော့ (မောဟစင်ပါတယ်ဘုရား) ။

အို . . . နေရာကျလိုက်တာ ဒကာ ဒကာမတို့၊ မြင်ဖို့သာ အရေးကြီးတော့တယ်နော် . . . (မှန်ပါ့) မြင်ဖို့သာအရေးကြီးကြတော့တယ် ဒကာ ဒကာမတို့ ကြိုးစားလုပ်ကြပါ၊ လောဘ ဒေါသ မောဟဆိုတာ ပယ်ရ မည့်တရားပေါ့ . . . လို့ ဆိုတဲ့ ဥစ္စာ ဒီအတိုင်းပယ်လို့လဲ မရဘူး၊ မြင်မှ ပယ်လို့ရတယ် . . . (မှန်ပါ့ဘုရား) ။

ဘယ်လိုမှတ်ကြမယ် (မြင်မှပယ်လို့ရပါတယ်ဘုရား) မြင်မှ ပယ်လို့ရတယ်ဆိုတာသေချာကြပလား (သေချာပါပြီ ဘုရား) ။

အေး . . . ဒါကြောင့် ဒကာ ဒကာမတို့ အင်မတန်မှ အဖိုးတန်နေပါပေ့ါကလား၊ ငါတို့သည်ကား အနိစ္စကလေး တစ်ချက်မြင်လိုက်လို့ရှိရင်ပဲ လောဘစင်သတဲ့၊ ပဋိစ္စသမုပ္ပါဒ် အလယ်ကပြတ်တယ် . . . (မှန်ပါ့) ။

ဒီဖြစ်ပျက်ဟာ ဒုက္ခပဲ ဒကာ ဒကာမတို့နော် . . . (မှန်ပါ့) မြင်လိုက်ပြန်တော့ ဘာစင်ပြန်သတုံး (ဒေါသစင်ပါတယ်) အင်း. . . ဖြစ်ပျက်မြင်ပြန်တော့ ဒေါသစင်တယ်. . . (မှန်ပါ့)။

ဖြစ်ပျက်ကလေးဟာ တားလို့ ဆီးလို့ မရတဲ့သဘော အနတ္တပဲ ၊ တဒေဝအနတ္တံဆိုတဲ့အတိုင်း "ယံ အနိစ္စံ တံ ဒုက္ခံ တဒေဝ အနတ္တံ " ဆိုတဲ့အတိုင်း ဒီတရားကလေးဟာ ဖြစ်ပြီးပျက်သွားတဲ့တရားကလေး ဒကာ ဒကာမတွေက ခံသာတဲ့ ဝေဒနာကလေး မပျောက်ပါစေနဲ့လို့ တားလို့ ဆီးလို့ ရကြရဲ့လား . . . ( မရပါဘုရား )။

## ပဋိစ္စသမုပ္ပါဒ် အစကပြတ်တယ်

တားဆီးမရတာ ဘာခေါ်ကြမယ် . . . (အနတ္တပါဘုရား) မြင်တာက . . . (မဂ္ဂပါဘုရား) စင်တာက (မောဟပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဘယ်ကပြတ်ပါလိမ့် (အစကပြတ်ပါတယ်ဘုရား) အစကပြတ်တယ် (မှန်ပါ့) မောဟမြင်တော့

အစ က ပြတ်တယ်၊ ဒကာ ဒကာမတွေ သေချာကြပလား . . . (သေချာပါပြီဘုရား)။

ဩော် . . . တကယ်အဖိုးတန်ပါကလားဆိုတာ ပေါ်လာတယ် (မှန်ပါ့) တကယ်အဖိုးတန်ပါကလား ဆိုတာကို ကိုမြရွှေ တို့ ဦးဇံရင်တို့ ပေါ်လာတယ် (ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား . . . (ပေါ်လာ ပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘာအရေးကြီးပါလိမ့်၊ ဩော် . . . ခန္ဓာကိုယ်ထဲမှာတော့ အနိစ္စကရှိတာပဲ၊ အနိစ္စဟာ ဒုက္ခပဲ၊ ဒုက္ခဟာ အနတ္တပဲဆိုတာ သိပြီးသားဖြစ်ပြီး ဆရာဘုန်းကြီးကလဲ ပြောထား၊ ဘုရားကလဲ ဟောထားတဲ့အတွက် ဆရာဘုန်းကြီးက နောက်ထပ်ပြောလိုက်တော့ ရှင်းသွားတယ် (မှန်ပါ့)။

## ခန္ဓာနောက်ထပ်မဆက်တာ

ထိုကဲ့သို့ရှင်းတော့ ဩော် . . . ပဋိစ္စသမုပ္ပါဒ်ပြတ်ဖို့ရာသည်ကား လို့ဆိုရင် ဘယ်လိုများ ပြတ်အောင် လုပ်ရပါ့မလဲဆိုတာ ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်ဆိုတာ ခန္ဓာနောက်ထပ်

မဆက်တာ (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြတ်တယ်ဆိုတာ ဘာပါလဲ့ (ခန္ဓာနောက်ထပ်မဆက်တာပါဘုရား) ခန္ဓာနောက်ထပ်မဆက်တာဆိုတာသေချာပလား (သေချာပါပြီဘုရား) ခန္ဓာဆက်လာတဲ့ခန္ဓာဟာ ခန္ဓာသာလာလို့ရှိရင် ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား )။

## ပဋိစ္စသမုပ္ပါဒ် ပြတ်လို့ဒုက္ခချုပ်တယ်

ဒုက္ခသစ္စာ လာမယ်ဆိုတာ မဆက်လာတော့ ဒုက္ခချုပ်တယ် (မှန်ပါ့) မဆက်လာတော့ . . . (ဒုက္ခချုပ်ပါတယ်ဘုရား) ဪ . . . ဒုက္ခချုပ်တာဆိုတော့ ဒုက္ခချုပ်ချင်လို့ချုပ်ရတာလား . . . ဒုက္ခဖြစ်ကြောင်း သုံးခုချုပ်လို့ချုပ်တာလား . . . (ဒုက္ခဖြစ်ကြောင်း သုံးခုချုပ်လို့ချုပ်တာပါဘုရား)။

သေချာပြီ . . . ( သေချာပါပြီ ) အဖိုးတန်လိုက်တာ ဒကာ ဒကာမတို့ . . . (မှန်ပါ့) အဖိုးတန်လိုက်တာ သုသိမ သိမ်းမည့်နေ့မှာ ဒါကိုပြောရတာ ဦးခင်မောင် အရေးကြီးလို့ နော် . . . (မှန်ပါ့ဘုရား)

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာထဲမှာ ချမ်းသာ

တဲ့ သုခဝေဒနာကလေး ကိုယ်ပေါ်မှာ လေကလေးက တိုက်လို့ပန်ကာတွေက အပေါ်ကလှည့်လို့ အင်း . . . ကျောကလေးနဲ့ တွေ့တဲ့ပုဂ္ဂိုလ်က ကျောကလေးအေးလို့ မျက်နှာထိပ်မှာတွေ့တဲ့ ပုဂ္ဂိုလ်က မျက်နှာထိပ်မှာ မပေါ်ဘူးလားဗျာ. . . (ပေါ်ပါတယ်) ဘာဝေဒနာပါလိမ့် (သုခဝေဒနာပါဘုရား )။

**ပန်ကာလေ**

အင်း - လေတည်းဟူသော အထဲမှာပါသွားတဲ့ ပထဝီဓါတ်တွေက လာထိခိုက်တာနဲ့ ပေါ်တဲ့ ဖဿပစ္စယာ ဝေဒနာ. . . (မှန်ပါ့) ဒီဝေဒနာကလေးဟာ ပန်ကာတစ်ချက် လှည့်လိုက်တယ်ဆိုရင် ကိုယ့်ဆီမှာ တစ်ချက်ဖြစ်တယ် . . . (မှန်ပါ့) နောက် တစ်ပတ်လည်လာရင် တစ်ချက်ဖြစ်တယ် . . (မှန်ပါ့)နောက်တစ်ပတ်လည်လာရင် (တစ်ချက်ဖြစ် ပါတယ်ဘုရား)။

ဒါနဲ့ ဒီခေါင်းပေါ်ဝေဒနာကလေးတွေဟာ ဝေဒနာက္ခန္ဓာသမား ဘယ်နှစ်ယောက်များ သေသတုံး ဆိုတော့ အပတ်လှည့်တိုင်း သေနေတယ် . . . (မှန်ပါ့) အပတ်လှည့်တိုင်းပေါ်၍ အပတ်လှည့်တိုင်း သေနေတယ် ဆိုတဲ့ဥစ္စာ ဒီပန်ကာနဲ့ပဲခင်ဗျားတို့ ရှင်းလောက်ပါတယ်

(မှန်ပါ့) မရှင်းဘူးလား . . . (ရှင်းပါတယ်ဘုရား)။

ပန်ကာလေလဲ ရပ်လိုက်ပါရော ဖျတ်ဆို . . . . ဒီနေရာမယ် ဦးခင်မောင် ဒုက္ခဝေဒနာအစားထိုးလာတယ် . . . (မှန်ပါ့ဘုရား) ဝေဒနာ ပြတ်သေးရဲ့လား (မပြတ်ပါဘုရား)။

ချုပ်ပြီးဒုက္ခဝေဒနာက . . . (ပေါ်လာပါတယ်) ဒုက္ခဝေဒနာထိုးချင်လို့ ထိုးတာမဟုတ်ဘူး ဒကာ ဒကာမတို့ အပေါ်က နေ့လယ်က ပူထားတဲ့သွပ်ရှိန် အပူဓါတ်က ရုပ်တွေဆက်ပြီး သကာလ ရုပ်တွေဆက်ပြီးသကာလ မချုပ်သေးတာနဲ့ အပူဓါတ်တွေက ဖဿပစ္စယာ ဝေဒနာလာဖြစ်နေတယ် (မှန်ပါ့) ဒုက္ခဝေဒနာလာဖြစ်တယ် . . . (မှန်လှပါ)။

ဒါကြောင့် ပန်ကာရပ်လိုက်ရင် ဘာဝေဒနာပေါ် သတုံး(ဒုက္ခဝေဒနာ ပေါ်ပါတယ်ဘုရား) ပန်ကာ လှည့်လိုက်ရင် (သုခဝေဒနာ ပေါ်ပါတယ်ဘုရား)။

ဩော် . . . ခင်ဗျားတို့သန္တာန်ဝေဒနာ ဘယ်နှစ်မျိုး ပါလိမ့် (နှစ်မျိုးပါဘုရား) မြဲသေးရဲ့လား (မမြဲပါဘုရား) သုခနဲ့ဒုက္ခ အကြားမှာ တစ်ခါတလေကျလာတဲ့အခါကျလို့ရှိရင် ဝမ်းထဲဥပေက္ခာများပေါ်လိုက်သေးတယ် . . . ( ပေါ်ပါတယ်

ဘုရား ) ပေါ်လိုက်သေးတယ် ဆိုတော့ ဩော် . . . ဒကာ ဒကာမတွေ ခန္ဓာကိုယ် ဘာတွေများ လှည့်ပြီးနေပါလိမ့်မတုံး ( ဝေဒနာတွေလှည့်ပြီးနေပါတယ်ဘုရား) ။

## ဝေဒနာသုံးပါး လှည့်နေတယ်

ဝေဒနာသုံးပါး လှည့်နေတယ် ဆိုရင်လဲ လွဲသလား . . . (မလွဲပါဘုရား) အင်း - ဝေဒနာသုံးပါး လှည့်ပြီးနေတော့ ဒီဝေဒနာတွေကလဲ ဘယ်သူ့ခန္ဓာတွေတုံးမေးတော့ တရားနာတဲ့ ပုဂ္ဂိုလ်တွေ၏ ခန္ဓာပဲဆိုရင်ကော လွဲပါ့မလား (မလွဲပါဘုရား)။

ဟာ - ဒါဖြင့် ခင်ဗျားတို့ခန္ဓာတွေ ခဏခဏ ပြောင်းလွဲနေပါကလားလို့ ဆရာဘုန်းကြီးကပြော ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတာနဲ့ကော ကိုက်ရဲ့လား - (ကိုက်ပါတယ်ဘုရား) ။

ဒါဖြင့် ဒကာ၊ဒကာမတို့သိတဲ့အတိုင်း ဝေဒနာ နိရောဓ (တဏှာနိရောဓပါဘုရား) မဂ်ပေါ်လာတယ် . . . (မှန်ပါ့ ) ဝေဒနာချုပ်တာ မြင်အောင် ကြည့်နိုင်လို့ရှိရင်ဖြင့် မဂ်ပေါ်လာသောကြောင့် နောက်က တဏှာ မချုပ်ဘူးလား ( ချုပ်ပါတယ်ဘုရား )။

## မင်္ဂပေါ်လာလို့တဏှာချုပ်တယ်

မင်္ဂပေါ်လာလို့ ချုပ်သွားတာ (မှန်ပါ) သူပေါ်ခွင့်ကို ရသေးရဲ့လား (မရပါဘုရား) ဝေဒနာနိရောဓ ဒေါသနိရောဓ ကောမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အင်း . . . . . ဒုက္ခမြင်တော့ ဒေါသစင်တယ် - (မှန်ပါ)။

ဝေဒနာနိရောဓ မောဟနိရောဓကော မဖြစ်ဘူးလား ( ဖြစ်ပါတယ်ဘုရား ) ဖြစ်တာပဲတဲ့ ၊ ဒကာ ဒကာမတို့ ဒီလို ပါဠိတော်တွေနဲ့ ကြည့်လိုက်တော့ ဝေဒနာကြောင့်ပဲ ၊ အင်း . . ဝေဒနာပစ္စယာကြောင့်ပဲ တဏှာချုပ်တယ် ၊ တဏှာချုပ်တယ်ဆိုကတည်းက တဏှာနဲ့သဟဇာတဖြစ်တဲ့မောဟက လဲ ချုပ်ရမှာပဲ ၊ တဏှာ မလာလို့ရှိရင် ဒုက္ခ ဝေဒနာ ပစ္စယာ ဒေါသောဆိုတာကလဲ လာရမယ် ( မှန်ပါ ) အဲဒါကော မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

ကဲ - ဒါဖြင့် ဒကာ ဒကာမတို့ အနိစ္စမြင်ရင် (လောဘစင်ပါတယ်ဘုရား ) လောဘစင်တယ် ၊ ဒုက္ခကိုမြင်ရင် (ဒေါသစင်ပါတယ်ဘုရား) အနတ္တကိုမြင်ရင် (မောဟစင်ပါတယ်ဘုရား )။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာတဲ့ အနိစ္စတစ်လုံးသည် ဒုက္ခပဲ ၊ ဒုက္ခတစ်လုံးသည် ( အနတ္တပါ )

ဒါဖြင့် တစ်ချက်မြင်လိုက်ရင် သုံးချက်အကုန်ပါနေတယ် (ပါနေပါတယ် ဘုရား) မပါဘူးလား (ပါနေပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် အစကလဲချုပ်၊ အလယ်ကကော (ချုပ်ပါတယ်ဘုရား) အဆုံးကကော ( ချုပ်ပါတယ်) ဩော် - ပဋိစ္စသမုပ္ပါဒ် ချုပ်သွားတာသည် ဘာသစ္စာတွေချုပ်သွားတာပါလိမ့် ( သမုဒယနဲ့ ဒုက္ခချုပ်တာပါဘုရား )။

## သမုဒယနဲ့ ဒုက္ခသစ္စာချုပ်တယ်

အဲ . . . သမုဒယသစ္စာလဲချုပ်တယ်၊ ဒုက္ခသစ္စာကော (ချုပ်သွားပါတယ်ဘုရား) ရှေးဦးစွာ ချုပ်မှာက သမုဒယ၊ နောက်ချုပ်မှာက (ဒုက္ခပါဘုရား) ရှေးဦးစွာချုပ်မှာက ( သမုဒယပါဘုရား) နောက်အဆက်ချုပ်မှာက (ဒုက္ခပါဘုရား)။

အဲ . . . လောဘမလာလို့ရှိရင် တဏှာ၊ ဥပါဒါန်ကံပါချုပ်သွားတော့ သမုဒယချုပ်သွားတော့ ဟိုဘက်ခန္ဓာလာသေးရဲ့လား (မလာပါဘုရား) ဒေါသလာရင် ဒေါသသောက ပရိဒေဝ အဝိဇ္ဇာတွေချုပ်သွားတော့ ဟိုဘက်ခန္ဓာလာသေးရဲ့လား ( မလာပါဘုရား ) ပဋိစ္စသမုပ္ပါဒ်ဝိုင်းနေသေးရဲ့လား (မဝိုင်းပါဘုရား) မဝိုင်းနိုင်တော့ဘူးတဲ့။ တစ်ခါအနတ္တမြင်လိုက်ပြန်တော့ ဒီကမောဟက စင်မသွား

ဘုရားလား (စင်သွားပါတယ်ဘုရား )။

အံဝိဇ္ဇာ စ, ချုပ်တော့ သင်္ခါရတွေကော ( ချုပ်ပါတယ်) သဘောပါပလား (ပါပါပြီ) ဩော်. . . ဒါဖြင့် ဒကာ ဒကာမတွေသိတဲ့အတိုင်း ဒီဘက်မှာ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်ထိုက် မဖြစ်ထိုက် (ဖြစ်ထိုက်ပါတယ် ဘုရား)။

ဒါဖြင့် အနိစ္စမြင်လဲ ဒကာ ဒကာမတို့ ဒုက္ခ အနတ္တမြင်သောကြောင့် ဒကာ ဒကာမတို့ အနိစ္စနဲ့ ရဟန္တာဖြစ်တာလဲ မေ့ပဒမှာ ငါးရာလာတာလဲ ဒုက္ခအနတ္တပါပြီးသား (မှန်ပါ့) ဒုက္ခသစ္စာကကော ( ပါပြီးသားပါဘုရား )။

အဲ . . . ပါပြီးသားမို့ ဝင်သွားတာလဲ သေသေချာချာ ရှင်းကြပါတယ် (မှန်ပါ့) ကဲ . . . ရှုပ်ကြသေးသလား . . . (မရှုပ်ပါဘုရား)။

## ဝေဒနာဖြစ်ပျက်တစ်လုံးတည်းရှု

ဒါဖြင့် ဒကာ ဒကာမတွေက တစ်လုံးတည်းရှု . . . (မှန်ပါ့) ဝေဒနာကြိုက်သူက ဝေဒနာဖြစ်ပျက် တစ်လုံးတည်းရှု၊ စိတ်ကြိုက်သူက . . . (စိတ်ကို ဖြစ်ပျက်ရှုရမယ်ဘုရား) တစ်လုံးတည်း ရှုဆိုတော့ ဘာမှ ခင်ဗျားတို့ ဗျာများမနေပါနဲ့.

ဆိုတာကိုလဲ လေးနက်စွာ သတိပေးလိုက်ပါတယ် ... (မှန်လှပါဘုရား)။

ဘာမှ ဗျာများမနေကြပါနဲ့. ဒကာ ဒကာမတို့ လိုရာကိစ္စအပြီးအပိုင် ရောက်ပါတယ်၊ တစ်လုံးတည်း ပိုင်ပိုင်ရှုပါ။ ဧကောဓမ္မောပါပဲ . . . ( မှန်ပါ့ဘုရား ) ပေါ်ကြပြီနော် (ပေါ်ပါပြီဘုရား ) ။

အေး . . . ဒါတွေသိရတော့မှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ ဩော် . . . တို့သည်ကားလို့ ဆိုရင်ဖြင့် မလုပ်တတ်လို့ ခက်နေတာပါကလား ၊ လုပ်တတ်ရင် လွယ်သားပါကလား ဆိုတာ ပေါ်လာတယ် . . . ( ပေါ်လာပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိရင် ဒကာ ဒကာမတွေ ငါတို့ စုတေမနေသေလွန်ရင် ဘယ်များ သွားရမှာပါလိမ့်မတုံးဆိုတာက ဒီကသာဆက်နေရင် အဆက်စီမံရာသွားရမယ် . . . (မှန်ပါ့ဘုရား) ဒေါသက ဆက်ရင် ဒေါသစီမံတဲ့ဆီ (သွားရပါမယ်) လောဘဆက်ရင် လောဘစီမံတဲ့ဆီ (သွားရပါမယ် ) မောဟဆက်ရင် (မောဟစီမံတဲ့ဆီ သွားရပါမယ်ဘုရား )။

**ဒီအတိုင်းမနေကြပါနဲ့**

ကိုင်း . . . ဒါဖြင့် ဒီ . . . ခင်ဗျားတို့ ဖြစ်ပျက်အနိစ္စ ဖြစ်ပျက်ဒုက္ခ၊ ဖြစ်ပျက် အနတ္တသာ မိအောင်ရှုတော့ (မှန်လှပါဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား) ဒီအတိုင်းမနေကြပါနဲ့တဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီအတိုင်းမနေကြပါနဲ့။ ဒီအတိုင်း နေလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်သုံးမျိုးလာလိမ့်မယ် နော်. . . (မှန်ပါ့ဘုရား) ပဋိစ္စသမုပ္ပါဒ် . . . (သုံးမျိုးလာပါလိမ့်မယ်ဘုရား). သုံးမျိုးလာလို့ရှိရင် လောဘကြောင့် ဖြစ်လို့ရှိရင် ပြိတ္တာ (မှန်ပါ့) တဏှာ ဥပါဒါန် ကံ ပြိတ္တာဇာတိ မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

ဒေါသ လာလို့ရှိရင် ဒေါသ သောက ပရိဒေဝ ဒုက္ခ အဝိဇ္ဇာဆိုလို့ရှိရင်လဲ ဒကာ ဒကာမ တို့ ငရဲဇာတိ . . . (မှန်ပါ့ဘုရား) မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

ပြီးတော့ အဝိဇ္ဇာ မချုပ်ပြန်တော့လဲ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ်ဆိုတော့ တိရစ္ဆာန်ဇာတိ . . . (မှန်ပါ့) မလာပေဘူးလား . . . (လာပါတယ်ဘုရား) ကဲ . . . ဘယ်လောက် ကြောက်စရာကောင်းသလဲ . . . (ကောင်းပါတယ်ဘုရား)။

## ဖြစ်ကြောင်းမလာရင် ပြတ်တယ်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာတဲ့ အပါယ်လေးဘုံ ဖြတ်ချင်လို့ရှိရင် အပါယ်လေးဘုံဖြတ်လို့ မရဘူး၊ အပါယ်လေးဘုံဖြစ်ကြောင်းမလာရင် ပြတ်တာပဲ ... (မှန်ပါ့ဘုရား) အပါယ်လေးဘုံဖြစ်ကြောင်းမလာရင် ... ပြတ်ပါတယ်ဘုရား) လောဘမလာရင် ပြိတ္တာပြတ်တယ် ... (မှန်ပါ့) ဒေါသမလာရင် ငရဲ၊ တိရစ္ဆာန် ပြတ်တယ် (မှန်ပါ့) မောဟမလာရင် တိရစ္ဆာန်ပြတ်တယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ကဲ ... အကုန်ပြတ်တာချည့်ပဲ ဆိုတာ သေချာကြပလား (သေချာပါပြီ)။

## ဖြစ်ပျက်ပိုင်ဖို့အရေးကြီးတယ်

ကိုင်း - ဒါဖြင့် ဩော် - တို့ဟာ ဖြစ်ပျက်ပိုင်ဖို့ ဦးခင်မောင် တယ်အရေးကြီးပါကလား (ကြီးပါတယ်ဘုရား) အားလုံး တရားတစ်ပွဲလုံး ဘာအရေးကြီးပါလိမ့် ... ( ဖြစ်ပျက်ပိုင်ဖို့အရေးကြီးပါတယ်ဘုရား) ဖြစ်ပျက်ပိုင်ဖို့ သိပ်အရေးကြီးပါတယ် (မှန်ပါ့ဘုရား) ဒကာ ဒကာမတို့ ကိုယ် အရေးကြီးတဲ့အချက်ဟာ ဘာပါလိမ့်မတုံး (ဖြစ်ပျက်ပိုင်ဖို့ အရေးကြီးပါတယ်ဘုရား) ။

## ဖြစ်ပျက်ပိုင်ရင် အကုန်ပိုင်တယ်

ခန္ဓာထဲမှာ ဖြစ်ပြီးပျက်တဲ့တရားကလေးက အနိစ္စ (မှန်ပါ့) ဖြစ်ပြီးပျက်တဲ့တရားကလေးဟာ (ဒုက္ခပါဘုရား)။ ဖြစ်ပြီးပျက်တဲ့တရားကလေးဟာ (အနတ္တပါဘုရား) အဲ တစ်လုံးပိုင်ရင် အကုန်ပိုင်တာပဲ . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် သုသိမ ဇာတ်သိမ်းရအောင်ဆို တော့ သုသိမကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့ . . ရှေ့ပိုင်းက ဝိပဿနာဉာဏ်ကွ မဟောဘူးလား (ဟောပါတယ်ဘုရား) ရှေ့ပိုင်းက ဝိပဿနာဉာဏ်ကွ၊ နောက် ဝိပဿနာ ချုပ်သွားလို့ရှိရင် နောက်ပိုင်းက ဘာလာမတဲ့ . . . (မဂ်ဉာဏ်လာပါမယ်ဘုရား )။

မဂ်ဉာဏ် လာမယ်ကွာ . . . လို့ မဟောဘူးလား . . (ဟောပါတယ်ဘုရား) အဲ - မဂ်ဉာဏ်ဆိုတော့ မဂ္ဂင်ရှစ်ပါး ပေါ့ဗျာ . . . (မှန်ပါ့)။

## ဝိပဿနာဉာဏ်

ရှေ့ပိုင်းက ဓမ္မဋ္ဌိတိဉာဏ် ဆိုတော့ ဝိပဿနာဉာဏ် (မှန်ပါ့) ဝိပဿနာဉာဏ်က ဒကာ ဒကာမတို့ ဘာနဲ့တူသတုံး

လို့မေးတော့ လယ်လုပ်မည့်လူများ ဦးခင်မောင် ရေ လယ်ထဲမှာ အမှိုက်တွေ ရှုပ်နေလို့ရှိရင် စုပုံရလိမ့်မယ်နော် (မှန်ပါ့)။

ဝိပဿနာဉာဏ်က အမှိုက်တွေစုပုံတာနဲ့ တူတယ် (မှန်ပါ့) မဂ်ဉာဏ်က စုပုံပြီး မီးရှို့လိုက်တာနဲ့တူတယ် . . . (မှန်ပါ့ဘုရား )။

ဝိပဿနာဉာဏ်က ကိလေသာတွေကို စုပုံပြီးထားလိုက်တယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ) မဂ်ဉာဏ်က ဘာလုပ်ပစ်သလဲ . . . ( မီးရှို့ပစ်လိုက်ပါတယ်ဘုရား)။

အဲဒီတော့ ဒီနှစ်ဉာဏ်ဟာဖြင့် တစ်ယောက်က အစုသမား တစ်ယောက်က မီးရှို့သမားဖြစ်ရတော့မယ် (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဝိပဿနာဉာဏ်က . . . (စုပုံသမားပါဘုရား) ကိလေသာအညစ်အကြေးတွေ စုပြီးသကာလ မီးရှို့မလို့ အပုံသမား. . . (မှန်ပါ့) မဂ်ဉာဏ်ကတော့ ဘာလုပ်လိုက်တယ် . . . (မီးရှို့လိုက်ပါတယ်ဘုရား) ။

## မဂ်ဉာဏ်

မဂ်ဉာဏ်က မီးရှို့လိုက်ပါတယ် ဆိုတော့ ဩော်. . . မီးရှို့လိုက်တော့ ပြောင်တဲ့အခါကျတော့ လောဘကိလေသာ

လဲ ပြောင် ဒေါသ ကိလေသာကော . . . (ပြောင်ပါတယ် ဘုရား)မောဟကိလေသာကော- (ပြောင်ပါတယ်ဘုရား)။

ကိလေသာ ဆယ်ပါးစလုံး ပြောင်တဲ့အခါကျတော့ ဒကာ ဒကာမတို့ ကိလေသာမရှိရင် ကံမရှိတော့ပါဘူး (မှန်ပါ့) ကံမရှိရင် အကျိုးပေးခန္ဓာတွေကော . . . (မရှိပါဘုရား) ။

သြော် . . . ဒါဖြင့် ခန္ဓာဇာတ်သိမ်းပြီး ငြိမ်းတာ ဘာခေါ်ကြမယ် (နိဗ္ဗာန်ပါဘုရား) သြော် . . . ဒီလိုပါ ကလား - ဆိုတာ ပါလာတယ် - (မှန်ပါ့) မပေါ်လာ ဘူးလား - (ပေါ်လာပါတယ်ဘုရား) ။

## သုသိမရဟန်း

ဒါနဲ့ သုသိမကိုဟောလိုက်တယ်၊ သုသိမရေ . . . ရှေ့ပိုင်းက ဝိပဿနာဉာဏ်ကွ၊ နောက်ပိုင်းက မဂ်ဉာဏ်ကွ၊ ဦးခင်မောင် ဒါပဲ ဘုရားက ဟောလိုက်တယ် . . . (မှန်ပါ့)။

ဟောလိုက်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာလဲ သူက မကျေနပ်သေးဘူး (မှန်ပါ့) သုသိမ ကျေနပ်ပလား (မကျေနပ်သေးပါဘုရား) ။

## ဝိပဿနာဉာဏ်ကရှေ့ပိုင်းက

မကျေနပ်သေးပါဘူး ဒကာ ဒကာမတို့၊ အရှင်ဘုရား . . . တပည့်တော်ကလဲ ဉာဏ်မွဲ၊ ကံမွဲလဲ ဖြစ်ပါတယ်ဘုရား၊ ဒါကြောင့် အရှင်ဘုရားက ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက မဂ်ဉာဏ်ပဲလို့ တပည့်တော်ကို ဟောပြောသော်လဲ တပည့်တော် နားမလည်ပါဘုရား . . . ဆိုတော့ မင်းနားလည်ချင်လဲ နေတော့ကွ၊ မလည်ချင်လဲ နေတော့ကွ၊ ဝိပဿနာဉာဏ်က ရှေ့ပိုင်းက ရှိရမယ် ( မှန်ပါ့ ) ။

## နောက်မဂ်ဉာဏ်လာမယ်

နောက်မဂ်ဉာဏ်လာရမယ်၊ ငါဘုရား၏ အဆုံးအမ ဒါပဲဆိုတော့ ဦးခင်မောင် ရှင်းမနေဘူးလား . . . (ရှင်းနေပါတယ်ဘုရား) ။

ဒီတော့ ကိုင်း-ဒါဖြင့် သုသိမ ပထမ ဉာဏ်ရင့်အောင် စောင့်ပြီးသာကာလ အမေး အဖြေတွေ ဘုရားက ဒကာဝ - ဖြေမနေဘူးလား (ဖြေနေပါတယ်ဘုရား ) သည်းခံပြီး ဖြေတယ် . . . (မှန်ပါ့ဘုရား) ။

တဲ - လက်တွေ့မင်း ကိုယ်တိုင် ရဟန္တာဖြစ်အောင် ငါဟောတော့မယ်ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

သူ ရဟန္တာဖြစ်အောင် ဟောတော့မယ် ဒကာ ဒကာမတို့ (မှန်ပါ့ဘုရား)။

ဘယ်သူက ဟောပါလိမ့် (ဘုရားက ဟောမှာပါဘုရား) တရားနာသမားက ဘယ်သူပါလိမ့် (သုသိမပါဘုရား) သုသိမ၊ တစ်ယောက်တည်းနော်. . . (မှန်ပါ့)။

## ရှေ့ပိုင်းကဝိပဿနာဉာဏ် နောက်မဂ်ဉာဏ်

ကိုင်း . . . ဒါဖြင့် တပည့်တော်ဘုရား - နားမလည်ပဲဖြစ်ပြီး သကာလ နေတယ်ဆိုတော့ အေးအေး ရှိပါစေ . . . ရှိပါစေ၊ နားမလည်ပေမယ့် မင်းဒါတော့မှတ်ထား၊ ရှေ့ပိုင်းကဝိပဿနာဉာဏ်၊ နောက်ပိုင်းက မဂ်ဉာဏ်လို့တော့ မင်းကမှတ်ထား . . . (မှန်ပါ့)။

ဒါကလေးကိုတော့ အမှတ်ခိုင်းထားတယ် ဦးခင်မောင် (မှန်ပါ့) ဦးဇံရင် ဘာအမှတ်ခိုင်း ထားသတုံး (ရှေ့ပိုင်းက ဝိပဿနာဉာဏ်) နောက်ပိုင်းက (မဂ်ဉာဏ် ပါဘုရား)။

အင်း. . . ဒကာ ဒကာမတွေကတော့ ဘုန်းကြီးက ရှေ့က ရှင်းထားလို့ အတော်ရှင်းနေပြီ . . . (မှန်ပါ့)။

ဝိပဿနာဉာဏ်က ကိလေသာတွေပုံထားသမား (မှန်ပါ့) မဂ်ဉာဏ်က (မီးရှို့သမားပါ) မီးရှို့သမားဆိုတော့ ကိုက်

ကော မကိုက်ဘူးလား . . . ( ကိုက်ပါတယ်ဘုရား ) ။

အဲဒီတော့ ဒကာ ဒကာမတို့က ဝိပဿနာမလုပ်ဘဲနဲ့ မဂ်ဉာဏ် ရချင်လို့ရှိရင်တော့ ဘုရားကိုယ်တိုင် မတတ်နိုင်ဘူး (မှန်ပါ့ ဘုရား )။

ဘုရားကိုယ်တိုင် ဘယ့်နှယ်တုံး (မတတ်နိုင်ပါဘုရား) သုသိမ မင်း နားလည်ချင်လည် ၊ မလည်ချင်နေတဲ့ ၊ ရှေ့ပိုင်းကဝိပဿနာဉာဏ် ၊ နောက်ပိုင်းက မဂ်ဉာဏ်ပဲကွာ . . . လို့ သေသေချာချာ ဆုံးမရှာတယ် . . . (မှန်ပါ့)။

## ခန္ဓာ့အနိစ္စမြင်မှ ဝိပဿနာဉာဏ်

အဲဒီတော့ . . . ဒကာ ဒကာမတွေက တပည့်တော့် မဂ်ဉာဏ် ၊ ဖိုလ်ဉာဏ် မြန်မြန်ရ, ရပါလို၏ ဘုရားလို့ . . . ဆုတောင်းပြီးသကာလနေကြားသော်လဲ ရှေ့ပိုင်းက ဒါကလေးတော့ထည့်ကြပါဦး ( မှန်ပါ့ ) ဘာတုံး ( ဝိပဿနာဉာဏ်ပါဘုရား ) ။

ရှေ့ပိုင်းက ဝိပဿနာဉာဏ်ကလေးထည့်ပါဦး (မှန်ပါ့)ဝိပဿနာဉာဏ်ဆိုတာကလဲ ဘာမြင်မှ ဝိပဿနာဉာဏ် ဖြစ်ပါလိမ့်မတုံး . . . ခန္ဓာ့ အနိစ္စမြင်မှ . . . (မှန်ပါ့)။

အဲဒီတော့ ခန္ဓာတော့ လှည့်ကြပါဦး (မှန်ပါ့) ဘယ်

လိုပါလိမ့် (ခန္ဓာလှည့်ကြပါဦးဘုရား)။

ခန္ဓာတော့ လှည့်မကြည့်ဘဲနဲ့ ပေးတော်မူပါ ဘုရား . . . တပည့်တော်ဖြင့် ဝဋ်ဘဝတိုတိုနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အမြန်လိုချင်ပါတယ်ဘုရား . . . ဆိုတော့ ခင်ဗျားတို့လဲ သူသိမဟောသလိုပဲ ဟောရဦးမှာပဲ . . . (မှန်ပါ့) ။

ဦးခင်မောင် မဟောရပေဘူးလား . . . (ဟောရပါတယ်) ခင်ဗျားတို့က ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို၏။ ဒကာ ဒကာမတွေက နှုတ်ကို တက်နေတာပဲ . . . (မှန်ပါ့)။

## မဂ် ဖိုလ် ရချင်ရင် ဝိပဿနာအရင်လုပ်

ဘာတဲ့တုံး (ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို၏) ဝဋ်လဲတိုချင်တယ် ၊ မဂ်ဖိုလ်လဲရချင်တယ် ၊ဒါဖြင့် ဒကာ ဒကာမတို့ . . ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်ရချင်ရင် ရှေ့ပိုင်းက ဝိပဿနာဉာဏ်လုပ် ၊ ဒါမှ နောက်ပိုင်းက ဘာရမလဲ (မဂ်ဉာဏ် ရပါမယ်ဘုရား ) ။

အဲဒါပဲဖြေတတ်တော့တယ် (မှန်ပါ့ ) ရှင်းပလား . . . (ရှင်းပါပြီ) ခင်ဗျားတို့က ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ, ရပါလို၏ ၊ အို -အင်မတန် တိုပါတယ် ဒကာ ဒကာမတို့ ဟော. . . အခုရှေ့ပိုင်းက ဘာလုပ်လိုက်မယ် (ဝိပဿနာ

လုပ်လိုက်ပါမယ်) ဟော . . . နောက်ပိုင်းက ဘာပေါ်မယ် (မဂ်ဉာဏ် ပေါ်ပါမယ်ဘုရား)။

ကဲ . . . ခင်ဗျားတို့ ပြောနေရတာက ကြာသေးတယ်၊ လုပ်ယူလိုက်ရင် ဒီ့ထက်မြန်လိမ့်ဦးမယ် ထင်တယ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ လုပ်ဖြစ်အောင် လုပ်ကြဆိုတာ ဆရာဘုန်းကြီးက အမိန့်ပေးတယ် (မှန်ပါ့) မလုပ်ရင်တော့ဖြင့် မတတ်နိုင်ဘူး . . . (မှန်ပါ့)။

မလုပ်ရင်တော့ (မတတ်နိုင်ပါဘုရား) မတတ်နိုင်ဘူး ဆိုတာသေချာပလား (သေချာပါပြီ) ကိုင်း . . . ရှေ့ပိုင်းက ဘာဉာဏ် (ဝိပဿနာဉာဏ်ပါဘုရား) နောက်ပိုင်းက (မဂ်ဉာဏ်ပါဘုရား)။

## ဝိပဿနာဉာဏ်က ဘယ်လိုလုပ်တတ်သလဲ

ဝိပဿနာဉာဏ်က ကိလေသာကို ဘယ်လိုလုပ် တတ်သလဲ . . . (စုပုံတတ်ပါတယ်ဘုရား) မဂ်ဉာဏ်က ဘာလုပ်တတ်သလဲ . . . (မီးရှို့တတ်ပါတယ်ဘုရား)။

အဲဒီတော့ စုမှ မပုံဘဲနဲ့ မီးရှို့လို့ရှိရင် ဒီမီးက လယ် တစ်ကွက်လုံးတော့လောင်မှာ မဟုတ်ဘူး . . . (မှန်ပါ့)

တချို့ အပင်ကျန်နေရစ်မှာပဲ၊ ကျန်ရင် ကိလေသာကျန်တာပဲ၊ ကိလေသာကျန်ရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရနိုင် . . . . (မှန်ပါ့) ရနိုင်ပါ့မလား . . . (မရနိုင်ပါဘုရား)။

အဲဒါတွေ ဒကာ ဒကာမတွေက သေသေချာချာ သိတော့မှ ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ် ရ,ရပါလို၏ဘုရား၊ လုပ်တော့မယ် . . . (မှန်ပါ့) ဒီဟာကလေး ထည့်ပေးပါ . . . (မှန်ပါ့)။

ဝဋ်ဘဝတိုတိုနဲ့ (မဂ်ဖိုလ်နိဗ္ဗာန်ရ, ရပါလို၏) လုပ်ပါတော့မယ် ထည့်ပါဦး (မှန်ပါ့) လုပ်ပါတော့မယ် ထည့်ပါဦးမှ ရ, ရပါလို၏နဲ့တော့ ဝေးပါသေးတယ် ခင်ဗျားတို့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဝဋ်ဘဝတိုတိုနဲ့ . . . (မဂ်ဖိုလ်ရပါလို၏ လုပ်ပါတော့မယ်ဘုရား) လုပ်ပါတော့မယ် . . ဒါကလေးလဲ ထည့်ထားရသေးတယ် (မှန်ပါ့)။

ဘုရားကိုယ်က ကဲ. . နောက်က ဒကာ၊ဒကာမတွေ ရှေ့က ဒကာ၊ ဒကာမတွေရော ရှေ့ပိုင်းက ဘာဉာဏ်တဲ့တုံး . . . သုသိမဟောတာ ( ဝိပဿနာဉာဏ်ပါဘုရား) နောက်ပိုင်းက ( မဂ်ဉာဏ်ပါဘုရား )။

## ဝိပဿနာဉာဏ်မပါဘဲနဲ့ မဂ်ဉာဏ်မရနိုင်

ဝိပဿနာဉာဏ်မပါဘဲနဲ့ မဂ်ဉာဏ်တော့ မရနိုင်ဘူး ကွ ဆိုတော့ ဝိပဿနာဉာဏ်က လုပ်ယူရမှာ . . . (မှန်ပါ့) မဂ်ဉာဏ်ကတော့ဖြင့် သူရင့်လာရင် အလိုလိုပေါ်မယ် (မှန်ပါ့) သဘောပါကြပလား . . . ( ပါပါပြီဘုရား )။

မဂ်ဉာဏ်က သူရင့်လာရင် ( အလိုလိုပေါ်ပါမယ် ဘုရား ) ဒါဖြင့် ခင်ဗျားတို့က ဒါရချင်တယ်၊ ဒါရချင်ရင် ဒါ လုပ် (မှန်ပါ့ဘုရား) ရှင်းပလား . . . ( ရှင်းပါပြီဘုရား )။

ဘာလုပ်ကြရ သ် (ဝိပဿနာဉာဏ် လုပ်ရပါမယ် ဘုရား ) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရချင်ရင် ဘာလုပ်ရမလဲ. . . (ဝိပဿနာဉာဏ်လုပ်ရပါမယ်ဘုရား )။

## အပြောနဲ့မပြီးဘူးနော် ကိုယ်တိုင်စမ်းကြည့်ပါ

အေး . . . အပြောနဲ့ မပြီးဘူးနော် . . . ကိုယ် တိုင်စမ်းကြည့်ပါ (မှန်ပါ့ဘုရား)။

အကယ်၍ မစမ်းချင်ဘူးဆိုရင် ခင်ဗျားတို့ ဒီအတိုင်း နေဆိုတော့ လောဘကလဲလာမှာပဲ . . . ( မှန်ပါ့ ) လာရင် သေတော့၊ ပြိတ္တာဖြစ်၊ ရှုပ်မနေနဲ့တော့ . . . ( မှန်ပါ့ )။

## ဒေါသလာရင် ငရဲသွားမယ်

ဒေါသ လာလို့ရှိရင်လဲ ဒကာ ဒကာမတို့ ငရဲသွား (မှန်ပါ့) မောဟလာရင် တိရစ္ဆာန်ဘုံနဲ့ ပြိတ္တာသွား (မှန်ပါ့ဘုရား ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီနှစ်ဉာဏ်ဟာ ရှေ့ဉာဏ်လာရင် နောက်ဉာဏ်လာမယ် . . . (မှန်ပါ့ဘုရား)။

ရှေ့ဉာဏ်မှ မရှိလို့ရှိရင် ဒကာ ဒကာမတို့ ခုနင်က ငရဲ၊ တိရစ္ဆာန် ပြိတ္တာပဲ ပြန်လာမှာပဲ (မှန်ပါ့) မလာပေဘူးလား ( လာပါတယ်ဘုရား )။

## လှူဒါန်းပေးကမ်းရင် သုဂတိ

အဲ - တပည့်တော်တို့ လှူဒါန်းပေးကမ်းထားတာ သုဂတိတော့ မရောက်ဘူးလား (ရောက်ပါတယ်) ဒကာ ဒကာမ တို့ ၊ ကုသိုလ်တွေပဲ ဒါတွေလဲ ရောက်တာပဲ ။

ရောက်ပင်ရောက်ငြားသော်လဲ အဲဒီ ကုသိုလ်အကျိုးဆက် ကုန်ပြန်တော့လဲ ပြန်ဆင်းရဦးမယ် (မှန်ပါ့) မဆင်းရပေဘူးလား . . . (ဆင်းရပါတယ်ဘုရား )။

အဲဒီတော့ကိုတဲ့ . . . အကျိုးတော့ သူ့နေရာနဲ့သူ ကမ္မဝိပါကော အစိန္တေယျာ . . . အကျိုးပေးတာချည်းပါပဲတဲ့၊ ဝဋ်ဖြတ်ဖို့ကျတော့ ဒါလုပ်ရလိမ့်မယ် . . . (မှန်ပါ့)။

## ကိလေသဝဋ် ပြတ်ချင်ရင်

ကိလေသဝဋ် ပြတ်ချင်ရင် ရှေ့ပိုင်းက ဝိပဿနာဉာဏ် နောက်ပိုင်းက မဂ်ဉာဏ် . . . (မှန်ပါ့) ကိလေသဝဋ် ပြတ်ချင်ရင် (ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက မဂ်ဉာဏ်ပါဘုရား )။

ကမ္မဝဋ် ပြတ်ချင်ရင် (ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက မဂ်ဉာဏ်ပါ ဘုရား )

## ဝိပါကဝဋ်ပြတ်ချင်ရင်

ဝိပါကဝဋ် ပြတ်ချင်ရင် (ရှေ့ပိုင်းက ဝိပဿနာဉာဏ် နောက်ပိုင်းက မဂ်ဉာဏ်ပါဘုရား )

ဒါပဲ ဘုန်းကြီးလဲ တတ်နိုင်တယ်၊ ဘုရားပွင့်လဲ ဒါပဲ တတ်နိုင်မှာပဲ၊ ရိပ်မိပလား . . . ( ရိပ်မိပါပြီဘုရား )။

ကိုင်း . . . ဒါကြောင့် ဒကာ ဒကာမတွေ ဝဋ်ဘဝ တိုတိုနဲ့ မဂ်ဖိုလ်ကို ရ,ရပါလို၏ လို့ ဆုတောင်းလဲတောင်း၊ ဒါလဲ လုပ်လိုက် (မှန်ပါ့) တောင်းတဲ့ဆု ပြည့်သွားရော . . . (မှန်ပါ့) ။

## တောင်းလည်းတောင်းလုပ်လည်းလုပ်ပါ

တောင်းလည်းတောင်း ပါနော် . . .၊ မလုပ်ပဲနေ

တော့လဲ ( မရပါဘုရား ) မပြည့်ပေဘူးဆိုတာ ဦးခင်မောင် သေချာပလား ( သေချာပါပြီဘုရား )။

ဒါဖြင့်တောင်းလဲတောင်း ၊ ဘာလဲ (လုပ်လဲလုပ်ရပါမယ်ဘုရား) သဘောကျပလား (ကျပါပြီ) တောင်းလဲတောင်း (လုပ်လဲလုပ်ရပါမယ်ဘုရား)။

တောင်းလဲတောင်း ၊ လုပ်လဲလုပ်ပါဆိုတော့ . . . တောင်းတာရှိသေးတော့ ဒါမပေါ်ဘူး ၊ လုပ်လိုက်တော့ ဒါပေါ်လာပြီး ဒါပေါ်လာတယ် (မှန်ပါ့) ၁ - ပေါ်လာပြီး ၂ - မပေါ်လာဘူးလား . . . ( ပေါ်လာပါတယ်ဘုရား )။

## မသေပျော်သေးဘူး

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အေးစက်စက်ကလေးနဲ့ ဩော် . . . ငါတို့ သေပျော်ပေ့မျှား အောက်မေ့ပြီးမနေကြနဲ့ . . . (မှန်ပါ့) မသေပျော်သေးပါဘူး . . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတွေ ဘယ်လိုဆိုးမသလဲ (မသေပျော်သေးပါ ) မသေပျော်သေးဘူးဆိုတာ သေချာပလား . . . . (သေချာပါပြီဘုရား )။

**ဝေဒနာဟာ အနိစ္စလား နိစ္စလား**

ကိုင်း. . . ဒါဖြင့် ကဲ - ဒါက ဒကာ၊ ဒကာမတွေကို ဆုံးမတာ သုသိမကို ဒီအတိုင်းဟောတာပဲ၊ ဟော့ သုသိမ ဟောဒီဝေဒနာကလေးတစ်လုံးဟာ အနိစ္စလား . . . နိစ္စလားကွလို့ . . . သုသိမကို မေးတာပဲ . . . (မှန်ပါ့)။

ကဲ - ဒကာ ဒကာမတွေရော သုသိမ လုပ်ပါတော့ ဝေဒနာကလေးတစ်ခု ခန္ဓာကိုယ်ထဲ ပေါ်လာတယ်၊ အနိစ္စလား . . . နိစ္စလား . . . ( အနိစ္စပါဘုရား )။

သဘောကျပြီ . . . (မှန်ပါ့) ဖြစ်ပြီး ပျက်သွားတာပဲ . . . မဟုတ်လား . . . (မှန်ပါ့) ဒါဖြင့် သူ့ကို ဘာဆိုကြမယ် . . . (အနိစ္စပါဘုရား)။

အနိစ္စကို အနိစ္စ လို့ ခင်ဗျားတို့ ဖြေနိုင်ကြတယ်၊ ဒါဖြင့် . . . အနိစ္စလို့ ဖြေနိုင်တော့ ဒီဉာဏ်ရတယ် ( မှန်ပါ့ ) ဝိပဿနာဉာဏ်ရတာပဲ . . (မှန်ပါ့) ဒိဋ္ဌိပြင်ဉာဏ်မရသေးဘူး၊မဂ်ဉာဏ်မရသေးဘူး . . . (မှန်ပါ့)။

**အနိစ္စဖြစ်တဲ့ဝေဒနာဟာ သုခလား ၊ ဒုက္ခလား**

တစ်ခါဆက်ပြီး ဘုရားက မေးပြန်တယ်၊ သုသိမကို ရဟန္တာဖြစ်အောင်လို့၊ သုသိမ . . . ၄င်းအနိစ္စဖြစ်တဲ့

ဝေဒနာကလေးဟာ ဒုက္ခလား ... သုခလားလို့ မေး ပြန်တယ် (ဒုက္ခပါဘုရား)။

အဲ. . . ဒကာ ဒကာမတွေက သုသိမဖြစ်သွားတော့ ဒုက္ခလို့ ဖြေလိုက်တယ် (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီဘုရား )။

ဘယ်ဉာဏ်နဲ့ ဖြေတာတုံး . . . ( ဝိပဿနာဉာဏ် နဲ့ ဖြေတာပါဘုရား) ဝိပဿနာဉာဏ်နဲ့ဖြေတုန်းပဲ ရှိသေး တယ်. . . ( မှန်ပါ့ဘုရား ) သဘောကျပလား . . . (ကျပါ ပြီ ) ။

## ဒီတရားကို ငါ့ကိုယ် ငါ့ဟာလို့ ဆိုနိုင်ရဲ့လား

ဟော့. . . သုသိမ ၄င်းအနိစ္စဖြစ်တဲ့တရားဟာ ငါ့ကိုယ် ငါ့ဟာ ၊ ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား . . . ( မဆိုနိုင် ပါဘုရား ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ငါ့ကိုယ် ၊ ငါ့ဟာ ငါ့ဥစ္စာလို့ မဆိုနိုင်သောကြောင့် အနတ္တပါဘုရား (မှန်ပါ့) ဒါဖြင့် ဒီလိုမေးလိုက်တော့ ဒကာ ဒကာမတို့ ပြန်ပြီးသကာလ ကြည့်ပါဦး တဲ့ ဒီအတိုင်းပဲ ပြန်မေးမယ်၊ခင်ဗျားတို့ သုသိမ အကုန်ပြန်လုပ်ကြ. . . (မှန်ပါ့ဘုရား) ဘုန်းကြီးက ဘုရား၏ကိုယ်စားလှယ်အဖြစ်နဲ့

ဟောနေတယ် ၊ သုသိမ . . . ဝေဒနာကလေးဟာ အနိစ္စလား နိစ္စလား . . . (အနိစ္စ ပါဘုရား )။

## ကိုယ့်ဟာကိုယ် သုသိမ လုပ်ပြီးရှုနေ

ဘယ်ဉာဏ်နဲ့ ဖြေကြသလဲ (ဝိပဿနာဉာဏ်နဲ့ဖြေပါတယ်ဘုရား ) အင်း . . . ဘယ်ဉာဏ်နဲ့မှ ဖြေလို့မရဘူး ၊ ဒီဉာဏ်နဲ့ပဲ ဖြေလို့ရတယ် . . . (မှန်ပါ့ဘုရား)။

အဲဒါ . . . အိမ်ကျတော့ ကိုယ့်ဟာကိုယ် သုသိမ - လုပ်ပြီး ရှုနေ (မှန်ပါ့) ဩော် ခန္ဓာထဲပေါ်လာတာ အနိစ္စပါကလား ၊ ဒီ ဒုက္ခဖြစ်တဲ့တရားကလဲ ဦးခင်မောင် အနတ္တပါကလား ။ ငါ့ကိုယ် ၊ ငါ့ဟာ ငါ့ဥစ္စာမှ မဟုတ်ဘဲကိုး . . . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ) ။

## ဝိပဿနာ ရင့် ရင် သစ္စာမြင်တယ်

ဒီလိုချည့်မေးလိုက်တော့ သုသိမရှင်းသွားတယ် (မှန်ပါ့) ရှင်းသွားပြီ ၊ အဲဒီတော့ သုသိမ ဘယ်လိုရှင်းသွားသတုံးလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ ဒီနေ့တရားစ ကတည်းက ဘုန်းကြီးကပြောခဲ့တယ် (မှန်ပါ့ဘုရား) အနိစ္စဆိုတာ ဒုက္ခသစ္စာ (မှန်ပါ့) ဒုက္ခကော (ဒုက္ခသစ္စာပါ )

အနတ္တကော (ဒုက္ခသစ္စာပါ) သစ္စာမြင်တာ . . . (မှန်ပါ့) သဘောကျပလား . . . ( ကျပါပြီဘုရား )။

## အတိတ်ကဖြစ်တဲ့ဝေဒနာတွေဟာ အနိစ္စလား၊ နိစ္စလား

ဝိပဿနာဉာဏ် ရင့်လာတော့ ဘာမြင်တယ် ထင်ကြသလဲ (သစ္စာမြင်ပါတယ်ဘုရား) အဲ. . . သစ္စာမြင်လိမ့်မယ်တဲ့ ဒါနဲ့. . . . ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကိုင်းကွာ . . . သုသိမ နားထောင်နော်၊ ဒီဝေဒနာကလေးက အတိတ်ကဖြစ်တဲ့ ဝေဒနာကောကွာ . . . အနိစ္စလား နိစ္စလား (အနိစ္စပါဘုရား) အတိတ်တုန်းက ခင်ဗျားတို့ဘဝများစွာက ဖြစ်ခဲ့တဲ့ဝေဒနာတွေ ၊မနေ့ကဖြစ်ခဲ့တဲ့ဝေဒနာတွေကောဘယ့်နှယ်ဆိုကြမလဲ. . (အနိစ္စပါဘုရား)။

## အနိစ္စဖြစ်တဲ့ဝေဒနာတွေဟာ ဒုက္ခလား သုခလား

အဲဒီ အတိတ်ဖြစ်တဲ့ ဝေဒနာတွေဟာ အနိစ္စဖြစ်တဲ့ ဝေဒနာတွေဟာ ဒုက္ခလား သုခလား (ဒုက္ခပါဘုရား) ဘယ်ဉာဏ်နဲ့ဖြေသလဲ ( ဝိပဿနာဉာဏ်နဲ့ဖြေပါတယ်ဘုရား)

ဝိပဿနာဉာဏ်ပဲရှိသေးတယ် . . . (မှန်ပ့ါ) ။

## ဒါကို ငါ့ကိုယ် ၊ ငါ့ဟာ လို့ ဆိုနိုင်ရဲ့လား

အဲဒီအတိတ်ကဖြစ်ခဲ့တဲ့ ဝေဒနာတွေသည် အနိစ္စ ဒုက္ခဖြစ်တဲ့ ဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား (မဆိုနိုင်ပါဘုရား) ။

မဆိုနိုင်ရင်ဘာခေါ်ကြမယ် . . . (အနတ္တပါဘုရား) အနတ္တ ၊ အတိတ်လဲ ဒီအတိုင်း မေးလိုက်တယ် . . . (မှန်ပ့ါ) သဘောကျပလား . . . ( ကျပါပြီ )။

တစ်ခါ အနာဂတ်လဲ မေးသေးတယ် ဒကာ ဒကာမ တို့ ။ အနာဂတ်မှာတဲ့ . . . မင်းခန္ဓာ ရပါလိမ့်မယ် . . . တဲ့၊ ဒီ အလုပ် မလုပ်ရင်ပေ့ါဗျာ . . . (မှန်ပ့ါ) ။

အဲဒီအနာဂတ်မှာ ဖြစ်လတ္တံ့ ဖြစ်တဲ့ ခန္ဓာတွေဟာလဲ . . . ဒကာ ၊ ဒကာမတို့ . . . တကယ်လို့ ဒီကနေ လှမ်း ပြီး သကာလ ဉာဏ်နဲ့ နှလုံးသွင်းကြည့်လိုက်တာပေ့ါ . . . (မှန်ပ့ါ) ။

## အနာဂတ်မှာပေါ်မည့်ဝေဒနာက္ခန္ဓာဟာ

အနာဂတ်မှာပေါ်မည့် ဝေဒနာက္ခန္ဓာဟာလဲ

အနိစ္စလား နိစ္စလား . . . (အနိစ္စပါဘုရား) ဘယ်ဉာဏ်နဲ့ ဖြေသတုံး . . . (ဝိပဿနာဉာဏ်နဲ့ပါဘုရား)။

အဲဒီ အနိစ္စဖြစ်တဲ့တရားကို ဒုက္ခလို့ ဆိုမလား . . . သုခလို့ ဆိုမလား . . . (ဒုက္ခပါဘုရား) ဒုက္ခလို့ဆိုမယ်၊ ဘယ်ဉာဏ်နဲ့ပါလမ့် ( ဝိပဿနာဉာဏ်နဲ့ပါဘုရား)။

အဲဒီအနိစ္စဒုက္ခဖြစ်တဲ့အနာဂတ်ဝေဒနာတွေကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ ဆိုနိုင်ရဲ့လား . . . (မဆိုနိုင်ပါဘုရား ) မဆိုနိုင်တာ ဘာခေါ်ကြမယ် ( အနတ္တပါဘုရား)။

အနတ္တလို့ ဖြေလိုက်တယ်၊ ဖြေလိုက်တော့မှ အင်း . . . ဝိပဿနာဉာဏ်ရင့်ပြီ သုသိမ . . . (မှန်ပါ့) ဒကာ ဒကာမတို့ သုသိမ ဘာဖြစ်သလဲ. . . (ဝိပဿနာ ဉာဏ်ရင့်ပါတယ်ဘုရား ) ဝိပဿနာဉာဏ် သေသေချာချာရင့်သွားပြီ . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ . . . အခု ပစ္စုပ္ပန်ရော သူ ရှုပြီးပြီနော် . . . (မှန်ပါ့) အတိတ်ကဟာတွေကော . . . (ရှုပြီးပါပြီ ) အနာဂတ်ဟာတွေကော ( ရှုပြီးပါပြီ )။

## သိမ်မွေ့တဲ့ဝေဒနာ ကြမ်းတမ်းတဲ့ဝေဒနာ

အဲ . . . " ရူပံ အတီတံ အနာဂတံ ပစ္စုပ္ပန္နံ အဇ္ဈတ္တံ

ဗဟိဒ္ဓ " အဇ္ဈတ္တလဲ အရှုခိုင်းတယ်၊ ဗဟိဒ္ဓကော . . . (အရှုခိုင်းပါတယ်) သိမ်မွေ့ဘဲ့ ဝေဒနာတွေကော . . . (အရှုခိုင်းပါတယ်ဘုရား ) ကြမ်းတမ်းတဲ့ဝေဒနာတွေကော (အရှုခိုင်းပါတယ်ဘုရား)။

အရှုခိုင်းလိုက်တဲ့အခါကျတော့ သုသိမ ဉာဏ်ထဲမှာ ဘယ်လို ထင်လာသတုံးဆိုလို့ရှိရင် အလုံးစုံ ဒုက္ခချည်းပါကလား လို့ထင်လာတယ် . . . (မှန်ပါ့)။

## ခန္ဓာကိုယ်ထဲ ဒုက္ခချည်းပဲ လို့ထင်လာတယ်

ဘယ်လိုထင်လာသတုံး (အလုံးစုံ ဒုက္ခချည်းလို့ထင်လာပါတယ် ဘုရား) ညြော် . . . အလုံးစုံ ဒုက္ခချည့်ပဲ၊ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခမှတစ်ပါး ခန္ဓာကိုယ်ထဲ ဘာမှမရှိဘူးလို့ ထင်လာတယ် ( မှန်ပါ့ )။

ဘယ်လိုထင်လာသတုံး ( ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခမှတစ်ပါး ခန္ဓာကိုယ်ထဲ ဘာမှမရှိဘူးလို့ ထင်လာပါတယ်ဘုရား)။

ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခမှ တစ်ပါး ခန္ဓာကိုယ်ထဲ ဘာမှမရှိဘူး ထင်လာတဲ့အခါကျတော့ ဒီဒုက္ခ ခန္ဓာကိုယ်ကြီးဟာ ဦးခင်မောင် . . .၊ ချုပ်သွားတယ် (မှန်ပါ့ဘုရား) ။

သုသိမသည် ဒီဉာဏ်ပေါ်ပြီ ( မှန်ပါ့ ) အလယ်

ဉာဏ်ကော ရှိသေးရဲ့လား ( မရှိပါဘုရား ) ဘာဉာဏ်ပါလိမ့်
. . . ဒီဉာဏ်က (မဂ်ဉာဏ်ပါဘုရား) မဂ်ဉာဏ် ။

## သုံးသိမ ရဟန္တာဖြစ်တယ်

ဒီလိုချည်း လေးခါပေါ် လိုက်တော့ သူ ရဟန္တာ မဖြစ်ဘူးလား ( ဖြစ်ပါတယ်ဘုရား ) အဲ . . . သုသိမ ရဟန္တာဖြစ်တယ်။ ကဲ . . . ဒကာ ဒကာမတို့ သုံးချက် စေ့ပြလိုက်တာကို နော် . . . (မှန်ပါဘုရား) ။

အဲ ဒီ တွင် သစ္စာဆိုက် သွားပြီ ဆို တာ ကို လဲ သဘောကျပါတယ် ( ကျပါတယ်ဘုရား ) အနိစ္စလဲ ဒုက္ခသစ္စာပဲ . . . (မှန်ပါ့) ဒုက္ခဟာကော . . . ( ဒုက္ခသစ္စာပါဘုရား ) အနတ္တဟာကော . . . ( ဒုက္ခသစ္စာပါဘုရား)။

အဲ . . . သစ္စာဆိုက်သွားတဲ့အတွက် တဲ့၊ မဂ်ဉာဏ်လေးချက်ပေါ် လာတယ် (မှန်ပါ့) ဆက်ဆက်ရှုတာကိုး နော် (မှန်ပါ့) ။

ဒါနဲ့ သုသိမ ရဟန္တာ မဖြစ်သေးဘူးလား (ဖြစ်ပါတယ်ဘုရား ) ပြီးတော့ ရဟန္တာဖြစ်တယ် - မဖြစ်တယ် စမ်းသေးတယ် ဘုရားက . . . ။

ဦးခင်မောင်ရေ ရဟန္တာဖြစ်တယ် - မဖြစ်တယ် စမ်း

တယ် ( မှန်ပ့ါ ) ရဟန္တာဖြစ်မှန်းတော့ ဘုရားက သိပြီးသား၊ သူ့ဉာဏ်နဲ့ ဖြေတဲ့အဖြေကို ရချင်သေးတယ် (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီဘုရား) ။

သူ့ ဉာဏ်နဲ့ သူဖြေတဲ့အဖြေကို . . . (ရချင်ပါသေးတယ် ဘုရား ) ။

## ဇရာမရဏဟာ ဘယ်သူ့ကြောင့်ဖြစ်တာတုံး

ရချင်တော့ ဒကာ ဒကာမတွေ အားလုံး မှတ်ကြပါ . . . တဲ့ ။ ဒါ . . . ပါဠိတော်လာတာဖြစ်လို့ ဘုန်းကြီးများကလဲ လေးလေးနက်နက်ပဲ ပြောရဲ ဆိုရဲ၊ ဟော့ . . . သုသိမ ဇရာ မရဏဟာ ဘယ်သူ့ကြောင့် ဖြစ်တာတုံးကွလို့ မေးလိုက်တယ်၊ သုသိမ က ဇာတိကြောင့်ဖြစ်ပါတယ်ဘုရား လို့ ဖြေရှာတယ် (မှန်ပ့ါ) ဒကာ ဒကာမတို့ . . . ဇရာမရဏ ဘယ်သူ့ကြောင့်ဖြစ်သတုံး (ဇာတိကြောင့် ဖြစ်ပါတယ် ဘုရား)။

## ဇာတိကြောင့်ဖြစ်တယ်

အင်း. . . သုသိမက ဒီအတိုင်းဖြေတယ် . . . (မှန်ပ့ါ) ဒကာ ဒကာမတို့ တိတ္ထိပဲ ၊ ဒါနားလည်ပ့ါမလား

(မလည်ပါဘုရား) ဒါဟာ ရဟန္တာဖြစ်သွားလို့ ဖြေနိုင်တာ. . (မှန်ပါ့) ဇရာ ၊ မရဏ ဘယ့်နှယ်ကြောင့်တုံးကွ ၊ ဘယ်သူက ဖြစ်စေတာတုံး ... ဆိုတော့ ( ဇာတိကဖြစ်စေပါတယ်ဘုရား )။

ဇာတိက ဖြစ်စေတာပဲဆိုတော့ ကောင်းပြီကွ ၊ ရဟန္တာဖြစ် မဖြစ်သူ့ကို စမ်းတယ် ( မှန်ပါ့ ) အဲဒီတော့ ဒကာ ဒကာမတွေက စဉ်းစားပါလား ... ဇာတိကလဲ ဒကာ ဒကာမတို့သိတဲ့အကိုင်း ဇာတိက အကြောင်း ၊ ဇရာ မရဏ ကကော. . (အကျိုးပါဘုရား) အကျိုး ။

## အကြောင်းကြောင့် အကျိုးဖြစ်တာ

ဩော်. . . အကြောင်းအကျိုးသာ ခန္ဓာထဲရှိပါကလား. . (မှန်ပါ့) ဇာတိဆိုတာလဲ ခန္ဓာငါးပါး အကြောင်းပဲ (မှန်ပါ့) ဇရာ မရဏ ဆိုတာကော. . (အကျိုးပါဘုရား) အကျိုးပဲ ၊ ခန္ဓာငါးပါးပဲ (မှန်ပါ့) ။

ဒီအကြောင်းကြောင့် ဒီအကျိုး ဖြစ်တာပဲ ၊ ပုဂ္ဂိုလ် သတ္တဝါမရှိဘူးဆိုတာ သုသိမ ဖြေတတ်ပြီ . . . (မှန်ပါ့) မဖြေတတ်သေးဘူးလား . . . ( ဖြေတတ်ပါပြီဘုရား ) ။

ဒါ သုသိမ ဘယ်အချိန်ကျမှ ဖြေပါလိမ့် . . . ဒကာ

ဒကာမတို့ (ရဟန္တာဖြစ်မှ ဖြေတတ်ပါတယ်ဘုရား) ရဟန္တာဖြစ်မှ ဖြေတယ်၊ သူ့ကို ရဟန္တာဖြစ်တယ် မဖြစ်တယ် စမ်းတာ ( မှန်ပါ့ ) ။

## ဇာတိ ဘယ်သူ့ကြောင့်ဖြစ်တုံး

သုသိမ ဇာတိ ဘယ်သူ့ကြောင့်ဖြစ်သတုံးကွလို့ မေးပြန်တယ် ဒကာ ဒကာမတို့ ကဲ . . . ဖြေကြစမ်းပါ . . . (ကမ္မဘဝကြောင့်ဖြစ်ပါတယ်ဘုရား) ကမ္မဘဝပစ္စယာ . . . (ဇာတိပါဘုရား) သဘောကျပလား . . . ( ကျပါပြီ )။

## ကံကြောင့် ဇာတိဖြစ်တယ်

ဩော် . . . ကံကြောင့် ဘာဖြစ်ပါလိမ့် . . . (ဇာတိဖြစ်ပါတယ် ဘုရား ) ပဋိလောမမေးတာ ဒါ . . . ဒကာ၊ ဒကာမတို့၊ ဟုတ်ကော မဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား ) ။

ဒါဖြင့် ကံဟာကော ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘုရား) ဇာတိကကော ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘုရား) ပုဂ္ဂိုလ်သတ္တဝါတွေ အကုန်မရှိတော့ဘူးဆိုတာ ရှင်းနေတယ် . . . (မှန်ပါ့)

မရှင်းဘူးလား (ရှင်းပါတယ်ဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ ပျောက်ကြောင်း - မပျောက်ကြောင်းကို သူဟာ တိတ္ထိပဲ ကိုမြရွှေတို့ ဦးဇံရင်တို့ရဲ့ ဒါတွေဘယ်သိမလဲ (မှန်ပါ့) ရဟန္တာဖြစ်လို့ ဉာဏ်ရလို့သိတာ . . . (မှန်လှပါဘုရား ) သဘောကျပလား . . . ( ကျပါပြီ )။

ခင်ဗျားတို့သိတဲ့ သညာကတော့ ဗုဒ္ဓဘာသာမို့ သညာနဲ့ သိနေတာ (မှန်ပါ့) ဟိုကတိတ္ထိ ၊ ဒါတွေ ဘာမှ မပါဘဲနဲ့ ခုနင်က ရဟန္တာဖြစ်ပြီးမှ သိတဲ့အသိ . . . ( မှန်လှပါဘုရား ) ရှင်းကြပလား . . . ( ရှင်းပါပြီ )။

ဒါ . . . ဘာဖြစ်ပြီးမှ သိတဲ့အသိပါလိမ့် . . . . . (ရဟန္တာဖြစ်ပြီးမှသိတဲ့အသိပါဘုရား) ရဟန္တာဖြစ်ပြီးမှ သိတဲ့အသိဆိုတာ သေချာပလား . . . (သေချာပါပြီ )။

**ကံဟာဘယ်သူ့ကြောင့်ဖြစ်သတုံး**

ကိုင်း . . . ဒါဖြင့် ဒီကံဟာ ဘယ်သူ့ကြောင့်ဖြစ်သတုံးကွ ၊ သုသိမ ဖြေစမ်းဆိုတော့ (ဥပါဒါန်ကြောင့်ဖြစ်ပါတယ်ဘုရား ) ။

ဥပါဒါန်ကြောင့် ဖြစ်တယ်ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ပါသေးရဲ့လား . . . (မပါပါဘုရား) ။

ဥပါဒါန်ဟာ နဂိုတုန်းကတော့ ငါ တယ်စွဲလမ်းတယ် ဆိုတာ လာသေးတာကိုးဗျ (မှန်ပါ့) ဒါ ငါ့ကံဆိုတာ ကော ကံပေါ် ငါမစွဲကြဘူးလား . . . (စွဲပါတယ်ဘုရား) အခုဒီလို စွဲသေးရဲ့လား . . . (မစွဲပါဘုရား)။

## ပုဂ္ဂိုလ်သတ္တဝါပျောက်တယ်

မစွဲတာထောက်လိုက်တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သူဟာ ပုဂ္ဂိုလ် သတ္တဝါ ပျောက်တဲ့အဖြေချည်း ဖြေနေတယ် . . . (မှန်ပါ့)။

ဘယ်ရောက်လို့ ဒီအဖြေတွေ မှန်နေတာပါလိမ့် (ရဟန္တာဖြစ်လို့ မှန်နေတာပါဘုရား) ရဟန္တာဖြစ်တော့ မှန်နေ တယ် ၊ ရဟန္တာဖြစ်တော့ ပုဂ္ဂိုလ် သတ္တဝါရယ်လို့ ရှိသေးရဲ့လား ( မရှိပါဘုရား )

ကိုင်း - ဒါနဲ့ ဒီကနေ့ မေးလိုက်တာပဲ (လ) ထိုးကြ စို့ ရဲ့နော် (မှန်ပါ့) သင်္ခါရဟာ ဘယ်သူ့ကြောင့် ဖြစ်သတုံးကွ လို့မေးလိုက်တယ် (အဝိဇ္ဇာကြောင့်ပါဘုရား) အဝိဇ္ဇာကြောင့် ဖြစ်တယ် ဒီလ (လ) ထိုးလိုက်ပြီနော် (မှန်ပါ့) ရှည်နေမှာစိုး လို့ ။

## အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်

သိပြီးသကာလ သွားပြန်တော့ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်၊ သင်္ခါရဘယ်ကလာသတုံး ၊ အဝိဇ္ဇာကြောင့် ဖြစ်တယ် ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါ ဦးခင်မောင် အကုန် သိမ်းသွားပြီ . . . ( သိမ်းသွားပါပြီဘုရာ )။

သုသိမမှာ ဒကာ ဒကာမတို့ ပုဂ္ဂိုလ် သတ္တဝါရှိသေး တယ်ဆိုတဲ့ဉာဏ် လာသေးရဲ့လား ( မလာပါဘုရား ) အဲ - ခင်ဗျားတို့လဲ ဒီဉာဏ်လာအောင်လုပ်ရမယ် (မှန်ပါ့) မလုပ်ရပေဘူးလား . . . ( လုပ်ရပါမယ်ဘုရား )။

လုပ်လိုက်တဲ့အခါကျတော့ ဒါဟာ အမှန်သိဆိုတဲ့ မဂ်နဲ့ သိတဲ့အမှန်သိ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်) အဲ - ခင်ဗျားတို့ ဘုရားရှိခိုးလို့ ရွတ်နေတာက အမှန်သိမရောက် ဘူး (မှန်ပါ့ဘုရား)။

ဦးဝ - မလိုဘူးလား (လိုပါတယ်ဘုရား) အဲဒါနဲ့ ဒီ အသိသည် ဘုရားဘယ်အချိန်ကျမှ မေးတာတုံး - လို့ ဆိုလို့ ရှိရင် ဦးခင်မောင် ဖြေတတ်ပလား . . .(ဖြေတတ်ပါပြီ ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ပြောင်းပြန် ပြန်မေးတဲ့ဉစ္စာ အဖြေမှန်ချည်း ထွက်လာတယ် (မှန်ပါ့) ဘယ်အချိန်မှာ သူ အဖြေမှန်ရပါလိမ့် . . . (ရဟန္တာဖြစ်တဲ့အချိန်မှာ ရပါတယ်

ဘုရား )။

## ပုဂ္ဂိုလ်သတ္တဝါလုံးဝမရှိ

အဲ - ရဟန္တာဖြစ်တဲ့အခါကျတော့ ပုဂ္ဂိုလ် သတ္တဝါဆိုတာ လုံးဝရှာမတွေ့တာ သေချာသွားတယ် ( မှန်ပါ့ ) ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးသာရှိတယ် (မှန်ပါ့) ဘာသာရှိကြသတုံး ( ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးသာ ရှိပါတယ်ဘုရား ) ။

အကြောင်းအကျိုးသာရှိတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား) အေး - အဲဒီကဲ့သို့ ရှင်းတဲ့အခါကျတော့မှ ဩော် - ဒါ ရဟန္တာတို့၏ အမြင်ပါကလားဆိုတော့ ဦးခင်မောင်ရေ - အတော်ရှင်းသွားပြီ ( မှန်ပါ့ )။

ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ မနေ့ကပြောခဲ့တဲ့ ဖွတ်မြီးနဲ့ ဖွတ်ချည်တယ်ဆိုတာ လာတော့ တာပေါ့ဗျာ (မှန်ပါ့)။

သူ့ ရဟန္တာ ဖြစ်လို့ ဒါတွေ အဖြေမှန်တွေ ဒကာ ဒကာမတွေ ရှေ့တွင်ပဲ သူမထွက်သေးဘူးလား ( ထွက်ပါတယ်ဘုရား)။

ဟော့ သုသိမ တဲ့ ဘုရားကပြောပြီ။ မင်းဟာ - အခု အဖြေမှန်တွေလဲ ထွက်ပြီ ၊ ဒီတော့ မင်း - သံသယ မရှိဘဲနဲ့ အဖြေမှန်ချည်းထွက်တယ် ၊ အကြောင်း အကျိုးချည်း ထွက်တယ် ၊ ဒုက္ခသစ္စာချည်းထွက်တယ် (မှန်ပါ့) ။

ဒါ ဒုက္ခသစ္စာတွေ မဟုတ်လား ( မှန်ပါ့ဘုရား ) အကြောင်း အကျိုးချည်းကော မထွက်ဘူးလား - (ထွက်ပါတယ်ဘုရား ) အင်း - ပုဂ္ဂိုလ် သတ္တဝါပျောက်တဲ့ အဝိဇ္ဇာကြောင့် သင်္ခါရပဲလို့ ပုဂ္ဂိုလ် သတ္တဝါ ပျောက်တာကော မထွက်ဘူးလား . . . (ထွက်ပါတယ်ဘုရား) ။

## အကြောင်းကြောင့် အကျိုးဖြစ်တယ်

အကြောင်းကြောင့် အကျိုး ဖြစ်တယ်ဆိုတဲ့ သေသေချာချာသဘောတွေကော သူမထွက်လာဘူးလား (ထွက်လာပါတယ်ဘုရား ) ။

ဒါတွေဟာ ဒုက္ခသစ္စာချည်းပဲလို့ကော သူမသိဘူးလား (သိပါတယ်ဘုရား) သိတော့ ဘယ်အခြေအနေရောက်လို့ သူသိသွားပါလိမ့် (ရဟန္တာဖြစ်လို့သိသွားပါတယ် ဘုရား)။

အဲ . . . ဒါဖြင့် သုသိမ မင်းနေရာကျပြီကွ ၊ ကဲ . . မင်းကော ဒီအခြေအနေ မင်းသိတဲ့ အခြေအနေ မင်းဟာမင်း

ယုံကြည်ပလားဆိုတော့ ဒီကျတော့ ဦးခင်မောင်တို့ ဒကာဝတို့ . . . ကိုယ့်ကိုယ်ကို ရဟန္တာ ဖြစ်ပြီး သကာလ နေတော့ ကိုယ့်အကြောင်းလဲ ကိုယ့်ကိလေသာတွေ ကုန်ကြောင်းလဲ သူဟာသူ ပစ္စဝေက္ခဏာ ဉာဏ်အမြင်နဲ့ အကုန်သိပြီနော် (မှန်ပါ့)။

## သုသိမ မင်း ကောင်းကင်ပျံနိုင်ရဲ့လား

အဲဒီကဲ့သို့ သိတဲ့အချိန်ကျတော့မှ သူ့ဟာသူလဲ ရဟန္တာဖြစ်ကြောင်း ဆင်ခြင်လို့ သိတဲ့အချိန်ကျတော့မှ ဦးခင်မောင်ရေ . . . မေးတာကိုး ၊ ကိုင်း - သုသိမ မင်း ကောင်းကင်ပျံနိုင်ရဲ့လားလို့ ( မှန်ပါ့ ) မေးပြီ ဒကာ ဒကာမတို့။ ဘယ်လိုများ မေးသတုံး ( မင်းကောင်းကင်ပျံနိုင်ရဲ့လားလို့ မေးပါတယ်ဘုရား ) မပျံနိုင်ပါဘုရားလို့ ဖြေတယ် ၊ သူက ရိပ်မိပလား . . . (ရိပ်မိပါပြီ ) ။

## သူတစ်ပါးစိတ်တွေသိရဲ့လား

သူတစ်ပါးစိတ်တွေ သိရဲ့လား သုသိမရေ . . . တဲ့ (မှန်ပါ့) သူက ဘယ့်နှယ်ဖြေသလဲ . . . (မသိပါဘုရားတဲ့)

ရေပေါ်မှာတင်ပလ္လင်ခွေပြီးသကာလ ထိုင်နိုင်ရဲ့လားလို့ မေးလိုက်တယ် (မထိုင်နိုင်ပါဘုရား) ။

ရေထဲမှာ မင်းမထိဘဲနဲ့ အောက်ကို သွားနိုင်ရဲ့လား အပေါ်တက်နိုင်ရဲ့လား မေးတော့ - (မသွားနိုင်ပါဘုရား) ။

## ပညာဦးစီးပြီး ရဟန္တာဖြစ်လာကြတာ

အဲ . . . မင်းမေးလို့ ရဟန္တာတွေဟာကွာတဲ့ သမထ မပါဘဲနဲ့ သမာဓိ မပါဘဲနဲ့ ပညာဦးစီးပြီး ရဟန္တာဖြစ်လာလို့ သူတို့လဲ ပညာနဲ့ ကိလေသာမှ လွတ်လာတယ်လို့ဖြေတာ မင်းယုံပလားလို့ဆိုတော့ တပည့်တော် တရားသူခိုး မှားပါပေါ့ ဆိုပြီး ဝန်ချတယ် . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## တရားသူခိုး အသာထားစမ်းပါ

တပည့်တော် ရိုးရိုးဝင်လာတဲ့ပုဂ္ဂိုလ်မဟုတ်ပါဘုရား၊ ပေးချင်တဲ့ အပြစ်သာ ပေးပါတော့ဘုရား . . . ၊ တရားခိုးမလို့ဝင်လာတာ ၊ ပေးချင်တဲ့အပြစ်သာပေးပါတော့ (မှန်ပါ့) တစ်ခါတည်းဒုန်းခံတော့တာပဲ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) ။

ကဲ. . . ဒါနဲ့ အဲဒီတော့ကွာ . . . တဲ့ မင်းတရားသူဦး အသာထားစမ်းပါဦး၊ဟို ကိုယ်တော်တွေ သဘောမင်း ရှင်းပလား လို့မေးလိုက်တယ် . . . (မှန်ပါ့)။

ကဲ. . . ဦးခင်မောင် ဘယ့်နှယ်ဖြေမလဲ . . . (ရှင်းပါတယ်) ရှင်းရတော့တယ် ၊ ခင်ဗျားတို့ တစ်ပွဲလုံးရှင်းနေပြီ (မှန်ပါ့) မရှင်းကြသေးဘူးလား . . . (ရှင်းပါပြီဘုရား)

အဲ. . . ဟို ကိုယ်တော်တွေလဲ ပညာနဲ့ ကိလေသာမှ လွတ်လာတယ်ဆိုတော့ ကောင်းကင်ပျံ မြေလျှိုး ကိစ္စပါပါရဲ့လား . . . (မပါပါဘုရား) ။

## စျာန်က နှစ်မျိုးရှိတယ်

အဲဒါကြောင့် ဒကာ ဒကာမတွေက မှတ်ရမှာက ဩော် စျာန်ဟာ နှစ်မျိုးရှိတယ် မှတ်ပါ၊ လက္ခဏာရေးသုံးပါး ရှုတဲ့ စျာန်က တစ်မျိုး ၊ ကောင်းကင်ပျံ ၊ မြေလျှိုးတဲ့ အာရမ္မဏိက စျာန်က တစ်မျိုး ၊ အာရမ္မဏူပနိဇ္ဈာနရယ်လို့ ရှိသေးတယ်နော် . . . (မှန်ပါ့) ။

ကမ္မဋ္ဌာန်းကို အနိစ္စဒုက္ခမပါဘဲနဲ့ လုပ်ရတဲ့စျာန်က တစ်မျိုးရှိသေးတယ် . . . (မှန်ပါ့) ။

အဲဒီတော့ လက္ခဏာ စျာန်သာပါ၍ ဦးခင်မောင်ရေ

. . . အာရမ္မဏူပနိဇ္ဈာန မပါဘူး (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား) ။

လက္ခဏာရေးသုံးပါးရှုတဲ့ အထဲတော့ ခုနင်က ဝီရိယ သတိ သမာဓိ မပါဘူးလား (ပါပါတယ်ဘုရား) အဲ-လက္ခဏာ ရေးသုံးပါး ရှုတဲ့အထဲမှာတော့ဖြင့် သမာဓိပါပါတယ် ကွာတဲ့ ဟုတ်လား . . . (မှန်ပါ့) ။

တကယ့် ဈာန်ရချင်လို့ ပြဟ္မာလုပ်ချင်တဲ့ ဈာန်မျိုး တန်ခိုးပြချင်တဲ့ ဈာန်မျိုး အဘိညာဏ်ရတဲ့ဈာန်မျိုးတော့ မပါ ဘူးဟော့ . . . တဲ့ (မှန်ပါ့) ။

ဒါကြောင့် ပညာဦးစီးပြီး ပညာနဲ့ ကိလေသာမှ လွတ် လာတယ် ၊ ဈာန်က ဦးစီးမဟုတ်ဘူး (မှန်ပါ့) ဈာန်တော့ ပါတော့ပါရဲ့ ဦးစီးဟုတ်ကဲ့လား ...(မဟုတ်ပါ) နောက်လိုက် ဖြစ်နေတယ်လို့ ဘုရားက ဖြေလိုက်တယ် . . . (မှန်ပါ့) ။

## လာဘ်ပေါ်များရေး အလိုရှိလို့လာတာပါ

ကိုင်း . . . ဒါဖြင့် မင်းကလဲ အခု တာဝန်ခံပါပြီ... တဲ့. . . တပည့်တော်သည်ကားလို့ဆိုရင် ရဟန္တာဖြစ်တာ ကိုယ့်ဟာကိုယ်လဲ သိပါပြီဘုရား . . . ။ တပည့်တော်မှားမိ တာတွေအရှင်ဘုရားတို့ဆီ လာခြင်းသည် ရိုးရိုးနဲ့လာသည်

မဟုတ်ပါဘုရား တရားတွေခိုးပြီးသကာလ တပည့်တော်တို့ တိတ္ထိထဲမှာ ဒီတရားတွေ ပြန်သင်ပြီး ဝါဒဖြန့်ပြီး လာဘ်ပေါ များရေး အလိုရှိလို့ လာခဲ့ခြင်းဖြစ်ပါတယ်ဘုရား ။

အေး. . . ဒါ မင်းကို ရဟန်းခံ မပေးခင်ကတည်းက ငါသိတယ် ၊ ဘုရားကပြောတယ် (မှန်ပါ့) ရဟန်ခံမပေးခင် ကတည်းက မသိဘူးလား . . . (သိပါတယ်ဘုရား) ။

အဲဒီတော့ မင်းဟာ တရားသူခိုးတဲ့ ၊ သို့ရာတွင် မင်း သည်ကားလို့. . . ဆိုရင် ခိုးရင်းမတ္တနဲ့ ရဟန္တာဖြစ်မှာမြင်လို့ ဘုရားက ခွင့်ပေးလိုက်တာ မသေချာဘူးလား . . . (သေချာ ပါတယ်ဘုရား )။

## ပေးချင်တဲ့အပြစ်ကိုပေးပါတော့

အဲဒီတော့ တပည့်တော်ဟာ တရားသူခိုးလဲဖြစ်ပါ တယ်လို့ သူ့ဟာသူလဲ ဖော်လိုက်ပြီ ၊ ပေးချင်တဲ့အပြစ်ကိုလဲ ပေးပါတော့ ဆိုတော့မှ မင်းဟာမင်း မှားတဲ့ဥစ္စာကို နောက်ဒီ လို မလုပ်တော့ပါဘူး ဝန်ခံရင် ကျေတာပါပဲကွ (မှန်ပါ့) ရှင်း ပလား . . . ( ရှင်းပါပြီဘုရား ) ။

ဒါဖြင့် နောက်တစ်ဖန် ကျေစရာအကြောင်းဟာ မလုပ် တော့ပါဘူးဆိုရင် ပြီးကောပဲ . . . (မှန်ပါ့) ။

မလုပ်တော့ပါဘူးဆိုပေမယ့် ခင်ဗျားတို့ ဒီနားမလုပ်၊ ဟိုနားမှာ လုပ်မယ်ဆိုလဲ ဒီလိုလဲ မဖြစ်သေးဘူး (မှန်ပါ့) ဘယ်တော့မှ မလုပ်ဘူးဆိုတာလဲ ထည့်ပေးကြပါဦး . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ရဟန္တာကတော့ ဘယ်နေရာမှာ ဘာလုပ်သေးသတုံး. . . (ဘာမှမလုပ်ပါဘုရား) သဘောပါကြပလား . . . ( ပါပါပြီဘုရား)။

## မှားသ၍ အကုန်ဝန်ချပါ၏

အဲဒီတွင် သုသိမ ရဟန္တာဖြစ်ပြီး သူ့ဟာသူ တပည့်တော် မှားသ၍အကုန်ဝန်ချပါ၏ ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မှားတာ မှားမှန်းသိတဲ့ ပုဂ္ဂိုလ် ငါတို့ကအပြစ်ကိုဝန်ခံတဲ့အတွက် သာဓု အနုမောဒနာ ခေါ်ပါ တယ် ဆိုပြီး ခေါ်တာပဲ . . . (မှန်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

## သုသိမ နှစ်ဉာဏ်နဲ့ ရဟန္တာဖြစ်တယ်

ဒါဖြင့် ဒကာ ဒကာမတို့ သူ ရဟန္တာဖြစ်တာ ကျုပ်တို့ အရေးမကြီးပါဘူး ၊ သူ ရဟန္တာဖြစ်တဲ့ဇာတ်မှာ ကျုပ်တို့မှာ

ဘယ်နှဉာဏ်နဲ့ ဖြစ်တယ်ဆိုတာ ကျုပ်တို့ကသိလိုက်ရ တယ် (မှန်ပါ့) မသိလိုက်ရဘူးလား . . . ( သိလိုက်ရပါ တယ်ဘုရား )

ဘယ်နှဉာဏ်နဲ့ ကြိုးစားရမှာပါလိမ့် . . . (နှစ်ဉာဏ် နဲ့ ကြိုးစားရမှာပါ ဘုရား) ရှေ့ပိုင်းက . . . (ဝိပဿနာ ဉာဏ်ပါ ) နောက်ပိုင်းက (မဂ်ဉာဏ်ပါဘုရား )။

## ဝိပဿနာဉာဏ်က ဘာလုပ်တတ်သတုံး

ဝိပဿနာဉာဏ်က ကိလေသာတွေကို ဘာလုပ် တတ်သတုံး . . . (စုပုံတတ်ပါတယ်ဘုရား) စုပုံဖော်ရတယ်။

မဂ်ဉာဏ်က ဘာလုပ်တတ်သတုံး . . . ( မီးရှို့ဖော် ရပါတယ်ဘုရား )။

## မဂ်ဉာဏ်က ဘာလုပ်တတ်သတုံး

မီးရှို့ဖော်ရတယ်ဆိုတော့ ဒကာ ဒကာမတို့ လေးခါ လောက်မီးရှို့တော့ ကိလေသာမီးပုံကြီး မကုန်ဘူးလား (ကုန်ပါတယ်ဘုရား ) ။

အဲဒါကြောင့် ရဟန္တာဖြစ်ပါတယ် ဆိုတာလဲ သေချာကြပလား . . . ( သေချာပါပြီဘုရား ) ရှင်းပြီနော် . . . (ရှင်းပါ ပြီဘုရား ) ။

ကဲ . . . နာရီစေ့ပြီ ၊ တော်ကြဦးစို့ . . . ။

သာဓု . . . သာဓု . . . သာဓု . . .